မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၆)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်ကြမည့်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၁၅

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြည်နယ်/တိုင်းအသီးသီးမှ အနုပညာပန်းတို့ အလှချင်းပြိုင်ကြမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၁၅ (ဖက်စ်)

နေပြည်တော် မြို့တော်ခန်းမကြီးအတွင်းသို့ ပရိသတ်များ တဖွဲဖွဲရောက်ရှိလာကြသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးမှ အသင်းအုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်မောင်မယ်များအား တူညီဝတ်စုံများဝတ်ဆင်လျက် သတ်မှတ်နေရာအသီးသီး၌ နေရာယူနေကြပုံ၊ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်နေပုံနှင့် လှုပ်ရှားသွားလာနေကြပုံများကို တွေ့မြင်ရသည်မှာ ကြည်နူးဖွယ်၊ ပီတိဖြစ်ဖွယ် မြင်ကွင်းတစ်ခုပင် ....။

စာမျက်နှာ ၉ ကော်လံ ၁ ✻

"ဟောဒီလို ကကြိုးမျိုးတွေနဲ့ ယှဉ်ပြိုင် ပြိုင်ပွဲဝင်သွားမှာပါ"

မအိဖြူစင်သန့်
(ကချင်ပြည်နယ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

✻ မြန်မာ့မျိုးဂုဏ် ရှိန်ဟုန်မပျက်
တိုးတက်မြင့်မား တစ်မျိုးသားလုံး
ပေါင်းရုံးစိတ်ထား တိုင်းရင်းသားတို့
တွဲစို့လက်များ စုပေါင်းအားဖြင့်
အမျိုးသားဟန် ဇာတိမာန်ကို
ရှင်သန်တိုးဖြစ် မျိုးဆက်သစ်များ
နှလုံးသားတွင် ဆပ္ပားပေါ်ထွန်း
ဖော်ညွှန်းစေရန် ရည်သန်ဂီတ
မြန်မာ့ယဉ်ကျေးမှု ဆိုမှုကမှု
တေးပြုရေးကြ ဆိုကရေးတီး
ပြိုင်ပွဲကြီးများ
ဝှဲချီးဆင်ယင်ကျင်းတော့မည်။

✻ နိမိတ်လေးပါး သံဝေပွားကာ
မင်းသားသိဒ္ဓတ် အမတ်မောင်စံ
ကဏ္ဍကမြင်း စီးနင်းထွက်ခွာ
အနော်မာတွင် ဗြဟ္မာလျှုဒါန်း
သင်္ကန်းပရိက္ခရာ ဆင်မြန်းကာဖြင့်
မြတ်စွာသုဟိတ် နိဗ္ဗာန်ခရီးလမ်း
တောထွက်ခန်းပုံ ရုပ်စုံသဘင်
ဗုဒ္ဓဝင်နှင့်။

✻ ရှော့ပတ္တမြား ရှော့နဂါးဟု
မြန်မာမှုတွင် ပြုကြကျင့်ကြ
သီလပါရမီ ခန္တီတရား
မပြစ်မှားသင့် ကိုယ့်အားကျေးဇူး
တင်ခဲ့ဖူးပေ မိတ်ဆွေမိတ်ကောင်း
ဇာတ်ကြောင်းဖွဲ့သော ဆိုငိုပြောသည့်
ရှင်စောဗုဒ္ဓ လောင်းဘူရိဒတ်
ဇာတ်တော်ကြီးနှင့်။

✻ ပြည်ကပ္ပိလ နန်းဌာနသို့
ကြွချီရောက်သွား မြတ်ဘုရားထံ
တောင်းခံအမွေ ပြုလေသောခါ
ပုတ္တောဝါဒ ဆိုဆုံးမလျက်
ဗုဒ္ဓအမွေ ပဗ္ဗဇ္ဇေသော
ခံစေလာသည့် ရာဟုလာဇာတ်ကြောင်း
အမွေတောင်းခန်း ပြန်ပြောင်းပြောသော
ကွက်စိပ်ဟောနှင့်။

✻ အမျိုးဘာသာ သာသနာကို
မြန်မာများစု ယဉ်ကျေးမှုစံ
အခြေခံကာ ဘဂဝါဗုဒ္ဓ
ဖွင့်ဟမြွက်ကြား တရားစုစု
တေဇသုနေ ဘူဝိဝေဖြာ
စန်နာမဟော် ဇာတ်တော်ဆယ်ဖြာ
ရွှေးကာကောက်နုတ် လောကီထုပ္ပတ်
လူတို့ဇာတ်မှ သီအပ်မှတ်အပ်
လိုက်နာအပ်သော လူ့မနောကို
နှောကာဇာတ်ဟန် ကဟန်ဆိုပုံ
အဖုံဖုံတို့
ရင်ခုန်ကြည်နူးရတော့မည်။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

16-10 (01).pmd 1 10/16/2008, 2:03 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၆ ရက်)

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ပညာအရည်အသွေးပြည့်ဝရေး ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးအတွက် နှစ်ရှည်၊ နှစ်တိုစီမံကိန်းများချမှတ်ပြီး ပညာရေးလုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပညာရေးလုပ်ငန်းစဉ်များ ရည်မှန်းချက်များနှင့်အညီ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းရန်အတွက် ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း ခန်းမဆောင်၌ အောက်တိုဘာ ၁၂ရက်နေ့က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ပညာရေးစီမံခန့်ခွဲမှုစနစ် မှန်ကန်တိကျ သွက်လက်မြန်ဆန်ရန်၊ စီမံခန့်ခွဲမှုအရည်အသွေး ပြည့်ဝခိုင်မာရန်၊ သင်တန်းပို့ချချက်များကို သေချာစွာ လေ့လာဆည်းပူးရန်အတွက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ရည်မှန်းချက်မှ သွေဖည်မသွားစေရန် စဉ်ဆက်မပြတ်ထိန်းကျောင်းကြီးကြပ်ကြပ်မတ်မှုများ၊ သုံးသပ်ပြုပြင်မှုများ၊ လိုအပ်ချက်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှုများ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများကို လက်တွေ့အကောင်အထည်ဖော်မှုသည် အလွန်အရေးကြီးသည်။

ဆရာ ဆရာမများအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာပြီး ယင်းစိတ်ဓာတ်ကိုအရင်းခံ၍ စာသင်ကျောင်းကို မဏ္ဍိုင်ပြုကာ တစ်နိုင်ငံလုံးဖြန့်ကြက်၍ ရှင်သန်ထက်မြက်စေရန် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖော်ဆောင်နိုင်ရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ရပ်လုံးပေါင်းစပ်ကြိုးပမ်းစွမ်းဆောင်သွားပါက အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း အောင်မြင်ပြီးမြောက် ခရီးရောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ဟသ်ာတမြို့နယ်၌ ကျင်းပ

ဟသ်ာတ အောက်တိုဘာ ၁၅

(၄၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် မွန်းတည့် ၁၂နာရီက ဟသ်ာတမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသူရက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သန်းက ရဲတပ်ဖွဲ့သမိုင်းကြောင်းများကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မှုခင်းဖော်ထုတ်မှု အကောင်းဆုံးဆုများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေနှင့် ခရိုင်ဥပဒေအရာရှိ ဦးအေးဝင်းတို့က ပေးအပ်ကြသည်။

ဆက်လက်၍ ရဲမေစံပြဆုရသူများ၊ မှုခင်းပိုင်းဆိုင်ရာ၊ စည်းကမ်းပိုင်းဆိုင်ရာ ဆုရသူများအား ခရိုင်ရဲတပ်ဖွဲ့စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နန်းခမ်းသီ၊ မြို့နယ်တရားသူကြီး ဦးအောင်မင်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းတို့က ဆုများပေးအပ်ကြသည်။

(၁၇၇)

မြဝတီရုပ်မြင်သံကြား

၁၆-၁၀-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅း၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၃၉)
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၁၃)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မင်္ဂလာကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၃၇)

မိုးမောက်မြို့ အိတ်ချိန်းသစ်ဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် အောက်တိုဘာ ၁၁ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ဖြစ်ထွန်းအောင်မြင်နေသော စပါးစိုက်ခင်းများနှင့် နန်ဆန်ယန်ကျေးရွာအနီးရှိ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ဒေါ့ဖုန်းယန်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာ စပါးစိုက်ပျိုးမှုများ ပိုမိုထွက်ရှိရေးနှင့် ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မိုးမောက်မြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အိတ်ချိန်းသစ်အတွင်း တပ်ဆင်ထားသော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးမောက်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲတွင် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

သင့်သွေးဖြင့် အသက်ကယ်ပါ



နောင်ချိုမြို့နယ် စည်ပင်သာယာ မြန်နန္ဒာပန်းခြံ မြေယာရှုခင်းအလှ ပြုပြင်

နောင်ချို အောက်တိုဘာ ၁၅

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြနန္ဒာပန်းခြံ မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၁၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ ကွင်းဆင်းစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့စစ်ဆေးရာတွင် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ဓနုတ်စေတီတော်မြတ်ကြီး ပန္နက်တော်တင် တွင်းတော်ဝန်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ဓနုတ်စေတီတော်မြတ်ကြီး ပန္နက်တော်တင် တွင်းတော်ဝန်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် စေတီတော်ရင်ပြင်ရှိ ပုညကာရီတန်ဆောင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဓနုတ်စေတီတော်အတွက် ပဌမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလှူရှင်များက အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၉၃၀၇၅၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ပုံမှန်ပြုလုပ်ပေးရန် ရည်ရွယ်ပြီး အောက်တိုဘာလ ၁၅ရက်နေ့ကို ကမ္ဘာ့လက်ဆေးကြောရေးနေ့အဖြစ် ပထမဆုံးအကြိမ် ကျင်းပရန် သတ်မှတ်လိုက်သည်။

ကမ္ဘာ့လက်ဆေးကြောရေးနေ့ကို ကျင်းပခြင်းဖြင့် အာရှနှင့်အာဖရိကတိုက်များရှိ ကလေးများ၏ အသက်ဘေးအန္တရာယ်ကို ကယ်တင်ပေးရာရောက်ကြောင်း ယူနီဆက်ဖ်က ပြောကြားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခြိုင့်လေ့လာကြည့်လျှင် ဝမ်းရောဂါဖြစ်ခြင်းကြောင့် နေ့စဉ် ကလေး ၅၀၀၀ခန့် သေဆုံးနေရသည်။ ကလေးများအား အစာမစားမီ လက်များ ဆပ်ပြာဖြင့် ဆေးကြောခြင်းနှင့် အိမ်သာတက်ပြီးနောက် လက်များ ဆေးကြောပေးခြင်းဖြင့် ကလေးများ သေဆုံးမှု ထက်ဝက်လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း ယူနီဆက်ဖ်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗီရိုနစ်တာဗီအာက ပြောကြားသည်။

ဘေးအန္တရာယ်လျော့ပါး

ကမ္ဘာ့လက်ဆေးကြောရေးနေ့ ကျင်းပပေးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ အညစ်အကြေးတိုက်ဖျက်မှုကို ဆောင်ရွက်ရာရောက်ကြောင်း၊ ကလေးများအတွက် ဘေးအန္တရာယ်လျော့ပါးအောင် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း တာဗီအာက ပြောကြားသည်။

ကလေးများအား မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအကြား လက်များကို စင်ကြယ်စွာဆေးကြောသည့် ဓလေ့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသွားရန် လိုအပ်ကြောင်းဖြင့်လည်း သူမက ဆက်လက်ပြောကြားသည်။

စီမံချက်များချမှတ်

ကမ္ဘာ့ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၆၀ကျော်တို့ရှိ ကျန်းမာရေးတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် စာသင်ကျောင်းများသို့သွားရောက်ကာ ကလေးများ အညစ်အကြေး ကင်းစင်ရေးနှင့် လက်များဆေးကြောခြင်း ပညာပေးလုပ်ငန်းများတွင် စီမံချက်များ ချမှတ်လျက် ပါဝင်လုပ်ဆောင်သွားရန်လိုကြောင်း ယူနီဆက်ဖ်က တိုက်တွန်းထားသည်။

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖဂန်နစ္စတန်စသော အာရှနိုင်ငံများ၌ ကလေးများ လက်များဆေးကြောရေးလုပ်ငန်းစီမံချက်တွင် ပိုမိုလုပ်ဆောင်ပေးသင့်ကြောင်း၊ အနောက်အာဖရိကတွင် သေဆုံးလျက်ရှိသည့် ကလေးသုံးပုံတစ်ပုံမှာ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်း၍ဖြစ်ကြောင်း ယူနီဆက်ဖ်က ပြောကြားသည်။

အသိပညာပေး

လက်များကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်းသည် ကာလဝမ်းရောဂါနှင့် အဆုတ်အအေးမိရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် သေဆုံးခြင်းကို ကုန်ကျမှုအသက်သာဆုံးဖြင့် အထိရောက်ဆုံး ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ပါကြောင်း လက်များ ဆေးကြောခြင်း အလေ့အထကို လိုက်နာကျင့်သုံးသွားကြရန် ကမ္ဘာ့လက်ဆေးကြောရေးနေ့တွင် ကျန်းမာရေးအသိပညာပေး ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၀-၂၀၀၈
(ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဝိသုဒ္ဓိ(၇)ပါး** တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၃၅-၂း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး**
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဝက်မွေးမြူရေး)
၉း၃၅-၃း၃၅	စားချင်စဖွယ်နည်း အသွယ်သွယ်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	Cartoon Show Time Kung Fu Panda
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	**စပါးကရွှေ… ငါးကငွေ** ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး (ဒါရိုက်တာ-နိုင်း)
၁၁း၂၅-၅း၂၅	ရသစုံစွာတေးအလင်္ကာ
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	ပွင့်သောပန်းတိုင်း လန်းဆန်းစေရာ စာပန်းအိမ်မှာ
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် ဒီဇိုင်နာပြည်စိုးအောင်နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

ဥတုရာသီ တောက်ကိုမှီ

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ပန်းချီအနုပညာအလှူပွဲတော်

ရန်ကုန် အောက်တိုဘာ ၁၅

နှင်းဆီကုန်းဘိုးဘွားရိပ်သာစိန်ရတုအထိမ်းအမှတ် **"ပန်းချီအနုပညာအလှူပွဲတော်"** ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)တို့ ပူးပေါင်းစီစဉ်၍ နိုဝင်ဘာ ၁ရက်မှ ၁၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးမှ ပန်းချီပညာရှင်ကြီးများ၏ ဆီဆေး၊ ရေဆေးပန်းချီကားပေါင်း ၂၈၀ကား လက်ခံရရှိထားသည်။

ယှဉ်ပြိုင်နိုင်

ပန်းချီ အလှူပွဲတော်နှင့် အတူ (Quick Sketh) (လျှပ်တစ်ပြက်ပုံတူပြိုင်ပွဲ) ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ အသက် (၁၀၇)နှစ်ရှိ ဘွားသက်ရှည် ဘွားအေးမေ ပုံတူကို ရေးဆွဲပြိုင်ပွဲဝင်ကြရန်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ရှုချင့်စဖွယ် မြင်ကွင်းများကို (Out door)ပန်းချီ ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သဖြင့် မည်သူမဆို ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဂုဏ်ပြု

ဩဂုတ် ၁၆ရက်က ကျင်းပသောအောင်ပွဲ အခမ်းအနားနှင့်အတူ ပန်းချီပြိုင်ပွဲ ဆုရရှိသူများ၊ ယခု ကျင်းပပြုလုပ်သည့် ပန်းချီအနုပညာ အလှူပွဲတော်နှင့် ပတ်သက်၍ သတင်းဖော်ပြမှု အကောင်းဆုံး ဂျာနယ်ဆုကို အဖွဲ့က ရွေးချယ်ချီးမြှင့်သွားမည် ဖြစ်ကြောင်းနှင့် ဆုပေးပွဲ အခမ်းအနားနှင့်အတူ ပန်းချီကားဝယ်ယူသူများ၊ ပန်းချီအနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်သွားရန် စီစဉ်ထားသည်။

(ဘိုးဘွားရိပ်သာ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၁၅

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၌ ၁၃၇၀-၇၁ခု ပညာသင်နှစ် သာသနတက္ကသီလ ဓမ္မာစရိယ(ပထမနှစ်)သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခု အောင်မြင်ပြီးသော အသက်(၃၀)၊သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဖြေဆိုကြရမည်

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းလွှာတစ်ခု၊ ပါဠိဘာသာရပ် မေးခွန်းလွှာတစ်ခု၊ တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာတစ်ခုတို့ကို တစ်ရက်စီ ဖြေဆိုကြရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက် (အောက်တိုဘာ၁၇ရက်) သောကြာနေ့မှစတင်၍ ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ရက်(နိုဝင်ဘာ၂ရက်) တနင်္ဂနွေနေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ သာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများတွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း-၀၁-၆၆၅၃၆၂၊ ၀၁-၆၆၂၉၉၇၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း-၀၁-၆၆၄၃၉၅ နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း-၀၂-၆၆၉၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၆-၁၀-၂၀၀၈ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အဆိုပြိုင်ပွဲ
၇း၅၀	၅။ အကပဒေသာ
၈း၀၅	၆။ တေးဂီတအစီအစဉ်
၈း၂၀	၇။ အတီးပြိုင်ပွဲ
၈း၃၀	၈။ International News
၈း၄၀	၉။ **သတိတစ်ချက်၊ တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၉း၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ နားဝင်ပီယံသူ့လက်သံ
၄း၂၀	၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀	၄။ မြန်မာစာ မြန်မာစကား (အပိုင်း-၆)
၄း၄၅	၅။ တေးဂီတအစီအစဉ်
၅း၀၀	၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅	၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၈။ **နောက်မကျရအောင်** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ-ကြည်စိုး)
၅း၃၀	၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၀	၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၁၀	၁၂။ မိုးလေဝသအခြေအနေ
၆း၁၅	၁၃။ အကပြိုင်ပွဲ
၆း၄၀	၁၄။ မှုပဟန်သွယ်သွယ်ဆိုကြမယ်
၆း၅၀	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၁၇)
၈း၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
	၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃၇)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ရန်ကင်း၌ဖွင့်

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက အမှတ်(၆)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူသင်တန်းသားများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်နီနီသိန်းက အဖွင့်အမှာစကား ပြောကြားကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ နေတိုးတပ်များအား ပစ်မှတ်ထားတိုက်ခိုက် ယခုနှစ်အတွင်း အပြစ်မဲ့ပြည်သူ ၄၇၀၀ကျော်သေဆုံးခဲ့

ကဘူးလ် အောက်တိုဘာ ၁၅

အီရတ်နိုင်ငံ၌ စစ်ဆင်ရေးမြင့်တင်လာခြင်းကြောင့် လေ့ကျင့်အားကောင်းသော အကြမ်းဖက်တိုက်ခိုက်ရေးသမားများ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးက အောက်တိုဘာ ၁၃ရက်တွင် ပြောကြားသည်။

တိုက်ခိုက်ခံရ

နေတိုးတပ်ဖွဲ့ဝင်များအဖြစ် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် အောက်တိုဘာ ၁၄ ရက်က အာဖဂန်အရှေ့ပိုင်း၌ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရ၍ သေဆုံးသွားခဲ့သည်။

ပေါက်ကွဲ

ထိုအတောအတွင်း အာဖဂန်တောင်ပိုင်း၌ လမ်းဘေးဗုံးနှစ်လုံး သီးခြားစီပေါက်ကွဲခဲ့ရာ အာဖဂန်အရပ်သား ၁၆ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

တစ်ချိန်က အီရတ်နိုင်ငံတွင် တိုက်ခိုက်နေသော အကြမ်းဖက်သမားများသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ၂၀၀၅ခု နှစ်ကုန်ပိုင်းမှစ၍ အကြမ်းဖက် တိုက်ခိုက်မှုများ တိုးလာကြောင်း၊ ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အာဖဂန်နစ္စတန်နိုင်ငံသား ၄၇၀၀ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆေးဝါးကုသမှုခံယူ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနောက်ဘက် ဂိုဇာရာပြည်နယ်၌ ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲ တိုက်ခိုက်မှုတွင် ဒဏ်ရာရရှိသူတစ်ဦး ဆေးဝါးကုသမှုခံယူလျက်ရှိသည်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဗုံးခွဲတိုက်ခိုက်မှုများ အီရတ်ဒေသအနှံ့၌ ဖြစ်ပွားနေ အရပ်သားနှစ်ဦးသေဆုံး၊ ၁၂ဦး ထိခိုက်ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၅

အီရတ်နိုင်ငံအတွင်း အောက်တိုဘာ ၁၃ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ အီရတ်ပြည်သူနှစ်ဦး သေဆုံးပြီး ၁၂ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း၊ ယခုသီတင်းပတ်အတွင်း သေဆုံးမှုအနည်းဆုံးနေ့တစ်နေ့ဟုဆိုနိုင်ကြောင်း အဆွတ်အယ်-အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

ယင်းနေ့တွင်ပင် တိုက်ပွဲမဟုတ်သည့် ဖြစ်စဉ်တစ်ခု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့သည်။ ဘဂ္ဂဒက်မြို့တွင်း၌ လမ်းဘေးဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားရာ ငါးဦး ဒဏ်ရာရရှိသွားခဲ့သည်။ သံတမန်များနေထိုင်ရာ အစိမ်းရောင်ဇုန်အတွင်း၌ စက်သေနတ်များဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်ဒဏ်ရာရမှုမရှိဟု အဆွတ်အယ်-အီရတ်က ဆိုသည်။

ဖမ်းဆီး

အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များက သားဖြစ်သူအားဖမ်းဆီးရန် ရှာဖွေရာ မတွေ့ရှိသဖြင့် အသက် ၈၀အရွယ်ရှိ အဘွားအိုတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းလိုက်သည်။

ဒဏ်ရာရရှိ

မိုဆူးလ်မြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး နေအိမ်သို့ သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ရာ အမျိုးသားနှစ်ဦး သေဆုံးသွားခဲ့သည်။တူဇ်ခါမာတိုဒေသတွင် ဗုံးပေါက်ကွဲမှုသုံးခုဖြစ်ပွားခဲ့ရာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားငါးဦး ဒဏ်ရာရရှိသွားခဲ့သည်။ **(အင်တာနက်)**

မိုဆူးလ်မြို့ ကုန်စုံဆိုင်ရှင် သေနတ်သမားတို့ ပစ်သတ်

မိုးဆူးလ် အောက်တိုဘာ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်း မငြိမ်သက်သော မိုဆူးလ်မြို့၌ ကုန်စုံဆိုင်ရှင်တစ်ဦးအား အမည်မသိ သေနတ်သမားများက အောက်တိုဘာ ၁၄ရက်တွင် ပစ်သတ်သွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

မိုဆူးလ်မြို့မြောက်ပိုင်း အယ်ဘိတ်ကာခရိုင်ရှိ ကုန်စုံဆိုင်သို့ သေနတ်သမားများ ဝင်ရောက်လာပြီး သေနတ်ဖြင့် ပစ်သတ်သဖြင့် ကုန်စုံဆိုင်ရှင်မှာ သေဆုံး သွားရပြီး ၎င်း၏တူဖြစ်သူမှာ ဒဏ်ရာရသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဘာရာရာဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသောဆိုင်အတွင်း ပြန်လည်ရှင်းလင်းနေသည်ကို အောက်တိုဘာ ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်လူမျိုးစုဒေသများ၌ ထိုးစစ်ဆင်တိုက်ခိုက် အနည်းဆုံး ၅၁ ဦး သေဆုံး

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၅

ပါကစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း လူမျိုးစုများ နေထိုင်ရာဒေသများတစ်လျှောက် တိုက်ခိုက်မှုများ အရှိန်မြင့်တက်ခဲ့ရာ ပါကစ္စတန်အစိုးရတပ်များနှင့် တာလီဘန်စစ်သွေးကြွများအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့မှုကြောင့် အနည်းဆုံး ၅၁ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အတည်ပြုပြောကြား

ပါကစ္စတန်တပ်များက တာလီဘန်များ နေထိုင်ကျက်စားရာ ဆဝပ်တောင်ကြားအတွင်း ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၂၅ဦးသေဆုံးပြီး ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးမူရတ်ခန်းက အောက်တိုဘာ ၁၄ရက်တွင် အတည်ပြု ပြောကြားသည်။

အပြန်အလှန်

အစိုးရတပ်များက ဘားဂျားအရပ်ဒေသကိုလည်း စိန်ပြောင်းနှင့် အမြောက်များသုံး၍ တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား သုံးဦး သေဆုံးသွားသည်။ ထို့အပြင် နာဝါအရပ်၌လည်း အစိုးရတပ်များနှင့် သူပုန်တို့ အပြန်အလှန် ပစ်ခတ်ခဲ့ကြသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံသားတစ်ဦး ပါကစ္စတန်ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၅

အာဖဂန်နစ္စတန် နယ်စပ်အနီးမှ ပါကစ္စတန်လူမျိုးစုများနေထိုင်ရာ ဒေသအတွင်းတွင် အမေရိကန်နိုင်ငံသား တစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ကြိုးပမ်း

မိုဟာမက်အေဂျင်စီဒေသအတွင်းသို့ ဝင်ရန်ကြိုးပမ်းစဉ် အဆိုပါအမေရိကန်နိုင်ငံသားအား စစ်ဆေးရေးဂိတ်မှ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုဖမ်းဆီးမှုသတင်း မှန်မမှန်ကို ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံးက အတည်ပြုရန် ကြိုးပမ်းလျက်ရှိသည်။

စုံစမ်းစစ်ဆေး

ပါကစ္စတန်နိုင်ငံ လူမျိုးစုများနေထိုင်ရာဒေသတွင် တာလီဘန်လိုလားသည့် စစ်သွေးကြွများက ယခုအခါလှုပ်ရှားလျက်ရှိသည်။ အဖမ်းခံရသည့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ကောလိပ်ကျောင်းသားဆိုသူအား ယခုအခါအာဏာပိုင်များက စုံစမ်းစစ်ဆေးနေသည်ဟု သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား အကြမ်းဖက်သမား ၁၄ ဦးနှင့် အရပ်သားရှစ်ဦးသေဆုံး

ကဘူးလ် အောက်တိုဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်နှင့် အပေါင်းပါတပ်များက အကြမ်းဖက် တိုက်ဖျက်ရေးထိုးစစ်ဆင်နွှဲခဲ့ရာ တာလီဘန်စစ်သွေးကြွ ၁၄ဦး သေဆုံးခဲ့ကြောင်း၊ သီးခြားစီဖြစ်ပွားသော ပေါက်ကွဲမှုများ၌ အာဖဂန်အရပ်သား ရှစ်ဦးမှာ သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

လမ်းဘေးဗုံးပေါက်ကွဲ

ဂါဇနီပြည်နယ် ဇာနာခန်ဒေသ၌ အောက်တိုဘာ ၁၃ရက်က ကားတစ်စီး လမ်းဘေးဗုံး ပေါက်ကွဲထိမှန်သွားခဲ့ကြောင်း **(ယာဗုံ)**၊ ယင်းကားပေါ်တွင် လိုက်ပါလာသူခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ပစ်မှတ်ထားတိုက်ခိုက်

အဆိုပါလမ်းဘေးဗုံးမှာ အာဖဂန်တပ်ဖွဲ့ဝင်များ သို့တည်းမဟုတ် အမေရိကန်ဦးဆောင်သည့်အပေါင်းပါတပ်ဖွဲ့ဝင်များအား အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဆာရဒ် အစ်မေဂျာဟန်ဂါကာက ပြောကြားသည်။

အရပ်သားနှစ်ဦးသေဆုံး

ကိုဟိုစ့်ပြည်နယ်တွင်လည်း အောက်တိုဘာ ၁၂ရက်တွင် အကြမ်းဖက်သမားများက အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းဒုံးကျည်မှာ လူနေအိမ်တစ်လုံးကို ထိမှန်သွားကာ အရပ်သားနှစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ အဘဒူကွာယမ်ဘာတီဇိုက ပြောကြားသည်။

ပူးပေါင်းတိုက်ခိုက်

ဂါဇနီပြည်နယ်အတွင်း အကြမ်းဖက်သမားများအား အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားငါးဦး သေဆုံးခဲ့ကြောင်း၊ ထို့ပြင် ဝခ်ဟဇ်ဒေသတွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များနှင့် အာဖဂန်လုံခြုံရေးတပ်များ ပူးပေါင်းတိုက်ခိုက်မှုကြောင့် တာလီဘန်အကြမ်းဖက်တပ်ဖွဲ့ဝင် ကိုးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုကို ရှာဖွေတွေ့ရှိခဲ့သူ

ယနေ့ခေတ် ဆေးသိပ္ပံလောကတွင် လူ၏ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှုကို ရှာဖွေတွေ့ရှိခဲ့သူ ဒေါက်တာဝီလျံဟာဗေးကို ၁၅၇၈ ခုနှစ်တွင် အင်္ဂလန်၌ မွေးဖွားခဲ့သည်။ ဟာဗေးသည် အသက် ၂၀အရွယ်တွင် ကိန်းဘရစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် အီတလီနိုင်ငံရှိ ပါဒွါတက္ကသိုလ်တွင် ဆေးပညာကို ဆက်လက်ဆည်းပူးခဲ့သည်။

ဆေးပညာ

ဟာဗေးသည် ၁၆၀၂ ခုနှစ်တွင် ဂုဏ်ထူးများစွာဖြင့် ဆေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် အင်္ဂလန်သို့ပြန်လာခဲ့သည်။ ထို့နောက် ကိန်းဘရစ်တက္ကသိုလ်တွင် ဆေးပညာဆိုင်ရာဘွဲ့ကို ထပ်မံ ရယူခဲ့သည်။

ပြောင်းလဲ

ဟာဗေးသည် လူ၏ ခန္ဓာကိုယ်အတွင်းတွင် စိတ်ဝင်စားဖွယ် သွေးများလှည့်ပတ်နေသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယခင်က လူအချို့သည်အစာများအား အသည်းက သွေး အဖြစ်ပြောင်းလဲပစ်သည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း ဟာဗေးက ယင်း အယူအဆသည် မမှန်ကြောင်း ရှာဖွေသက်သေပြခဲ့သည်။

၁၆၂၈ ခုနှစ်တွင် ဟာဗေးသည် လှုပ်ရှားနေသော နှလုံး၏ဖွဲ့စည်းမှုနှင့် လူ၊တိရစ္ဆာန်များရှိ သွေးများသည် မည်ကဲ့သို့ဖြစ်တည်ကြောင်းနှင့် သွေးများကို နှလုံးမှတစ်ဆင့် ခန္ဓာကိုယ်၏နေရာအနှံ့အပြားသို့ လှည့်ပတ်စီးဆင်းစေသည်ကို သက်သေပြသည့် စာအုပ်ကို ထုတ်ဝေခဲ့သည်။ သို့သော်လည်း ဆေးလောကတွင် ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး အငြင်းပွားခဲ့ကြသည်။

ဂုဏ်ပြု

၁၆၅၇ခုနှစ်တွင် ဒေါက်တာဟာဗေး သေဆုံးပြီးနောက် ဟာဗေး၏ ရှာဖွေတွေ့ရှိချက်နှင့် ဆေးသိပ္ပံဆိုင်ရာအယူအဆများမှာ မှန်ကန်ကြောင်းသိခဲ့ကြပြီး ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်ပုံကို အမှန်အတိုင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဒေါက်တာဝီလျံဟာဗေးအား ဥရောပဆေးလောကတစ်ခုလုံးက ဂုဏ်ပြုခဲ့ကြပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

ဟာဗေးသည် လူ၏ ခန္ဓာကိုယ် အတွင်းတွင် စိတ်ဝင်စားဖွယ် သွေးများလှည့်ပတ်နေသည်ကို ရှာဖွေတွေ့ရှိခဲ့၊ ယခင်က လူအချို့သည် အစာများအား အသည်းကသွေးအဖြစ်ပြောင်းလဲပစ်သည်ဟု ယုံကြည်ကြ၊ သို့သော်လည်း ဟာဗေးက ယင်းအယူအဆသည် မမှန်ကြောင်း ရှာဖွေသက်သေပြခဲ့။



အသင့်သောက်သုံးနိုင်သည့် အချိုရည်ဘူးများ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများ ဖြစ်ပွားနိုင်ဟုဆို

အသင့်သောက်သုံးနိုင်သည့် အချိုရည်ဘူးများနှင့် အမြန်စားသုံးနိုင်သည့် အစားအစာများသည် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးလိုက်သည်။

ဖြစ်ပွား

သံဘူးများဖြင့် ထည့်သွင်းထားသော အချိုရည်များနှင့် အစားအစာများသည် အချိန်ကာလကြာရှည်စွာခံနိုင်အောင် ဓာတုပစ္စည်းများ သုံးစွဲထားသည်ဖြစ်ရာ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေကြောင်း ၎င်းတို့က ပြောကြားသည်။

သတိပေး

ထို့အပြင် နောက်ဆုံးရက်သတ်မှတ်မှုကိုလည်း တိကျစွာဖော်ပြထားခြင်းမရှိသည့်အတွက် စားသုံးရာတွင် အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ ထုပ်ပိုးမှုဒီဇိုင်းဆန်းဆန်းဖြင့် ပြုလုပ်ထားသော သစ်သီးဖျော်ရည်များမှာလည်း အချိန်ကာလကြာရှည်စွာ ထားရှိသောက်သုံးပါက ဓာတုပစ္စည်းများ ဓာတ်ပြုမှုကြောင့် အဆိပ်များဖြစ်ပေါ်စေတတ်ကြောင်း ၎င်းတို့က သတိပေးထားသည်။

ပြောကြား

ထို့ကြောင့် အသင့်ထုပ်ပိုးထားသော အစားအစာများနှင့် အချိုရည်ဘူးများကို သတိပြု ဆင်ခြင်စားသုံးသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးပြောကြားသည်။

အင်တာနက် ကျန်းမာရေး

ခိုင်ခံ့မှုအကောင်းဆုံး မိုဘိုင်းလ်ဖုန်း

နည်းပညာသိပ္ပံ
မြင့်မောင်စိုး

ကယ်လီဖိုးနီးယား အောက်တိုဘာ ၁၅

မိုဘိုင်းလ်ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီများက ပိုမိုကောင်းမွန်သော မိုဘိုင်းလ်ဖုန်းများ ထုတ်လုပ်၍ ဈေးကွက်အပြိုင်ရှာနေချိန်တွင် ကယ်လီဖိုးနီးယားအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် ဆိုနင်ကုမ္ပဏီက ကမ္ဘာ့ခိုင်ခံ့မှုအကောင်းဆုံး မိုဘိုင်းလ်ဖုန်းအမျိုးအစားသစ်ကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

ယင်းမိုဘိုင်းလ်ဖုန်း၏အမည်ကို ဆိုနင်အိတ်ချ်ပီဝမ်း(Sonim Xp1)ဟု အမည်ပေးထားသည်။ ၎င်းဖုန်းကို အချို့ဈေးကွက်များ၌ JCB Toughphone ဟု လူသိများကြသည်။ ဆိုနင်ကုမ္ပဏီက အဆိုပါ မိုဘိုင်းလ်ဖုန်းအမျိုးအစားကို ပတ်ဝန်းကျင်စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် ရည်ရွယ်လျက် တီထွင်ဆန်းသစ် ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

အကောင်းဆုံး ပြုလုပ်ထား

အသစ်တီထွင်ထုတ်လုပ်လိုက်သည့် (Sonim Xp1) မိုဘိုင်းလ်ဖုန်းသည် မတော်တဆပြုတ်ကျခြင်း၊ ရွှံ့ဖြစ်ခြင်း၊ ရေထဲသို့ ပြုတ်ကျခြင်းနှင့် ဖုန်မှုန့်များကြားတွင် ဆက်သွယ်မှုပြတ်တောက်မှုမရှိခြင်း စသည်တို့ကို ခံနိုင်မှုအရှိဆုံးဖြစ်ရန် အကောင်းဆုံး ပြုလုပ်ထားသည်ဟု ဆိုသည်။

ယင်းမိုဘိုင်းလ်ဖုန်းသည် ရေစိမ်ခံသည်။ မတော်တဆ ရေထဲပြုတ်ကျလျှင် ပျက်စီးခြင်းမရှိဟု ဆိုသည်။ ထို့အပြင် ကွန်ကရစ်ဖျော်စက်များအတွင်း ပြုတ်ကျသည့်တိုင်အောင် ပျက်စီးခြင်းမရှိအောင် တီထွင်ထုတ်လုပ်ထားသည်။ အပူဒဏ် အနုတ် ၂၀စင်တီဂရိတ်မှ ၆၀စင်တီဂရိတ်အထိ ခံနိုင်ရည်ရှိသည်။

အလွန်ကောင်းမွန်

အဆိုပါ မိုဘိုင်းလ်ဖုန်းတွင် တပ်ဆင်ထားသောခလုတ်များသည် အလွန်ကောင်းမွန်ပြီး အကြိမ်ငါးသိန်းမက နှိပ်နိုင်သည်။ တပ်ဆင်ထားသည့် ဖန်သားစက္ကရင်မှာလည်း အစင်းအခြစ်ရာများ မရှိအောင်ပြုလုပ်ထားသည်။

ဆိုနင်နည်းပညာကုမ္ပဏီက လုပ်ငန်းခွင်တွင် အလုပ်သမားများ မိုဘိုင်းလ်ဖုန်းအသုံးပြုမှု ရှောင်ကြဉ်နေရသည့် အခြေအနေကို လေ့လာသုံးသပ်လျက် ခိုင်ခံ့မှုအရှိဆုံး မိုဘိုင်းလ်ဖုန်းကို တီထွင်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာသတင်း
စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

ရွှေဖရုံသီး လှေပွဲတော်

ကနေဒါနိုင်ငံ နိုဗာစကော့ရှာပြည်နယ် ဝင်ဆာမြို့ရှိ ပီဆာကွဒ်ကန်ကြီးတွင် (၁၀)ကြိမ်မြောက် ရွှေဖရုံသီး လှေပွဲတော် ကျင်းပလျက်ရှိသည်ကို အောက်တိုဘာ ၁၄ရက်က တွေ့ရစဉ်။ (ယင်းပွဲတော်တွင် ပြိုင်ပွဲဝင် ၅၁ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံနှင့် ဆက်ဆံမှုခိုင်မာရေး အီးယူ၏ ထိပ်တန်းနိုင်ငံခြားရေးဝါဒဖြစ်

ဘရပ်ဆဲလ် အောက်တိုဘာ ၁၅

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ဥရောပသမဂ္ဂ (အီးယူ)၏ ထိပ်တန်းဦးစားပေး နိုင်ငံခြားရေး မူဝါဒ အဖြစ်ထားရှိကြောင်း ဥရောပကော်မရှင် ဥက္ကဋ္ဌ ဟိုဆေးမင်ညူယယ်ဘာရိုဆိုက အောက်တိုဘာ ၁၄ရက်တွင် ပြောကြားသည်။

ပြောကြား

အီးယူနှင့် တရုတ်တို့ အပြန်အလှန်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာရေးရာတို့တွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးအတွက် လာမည့် (၇)ကြိမ်မြောက် အာရှ-ဥရောပအစည်းအဝေး (အာဆင်)နှင့် (၁၁)ကြိမ်မြောက် အီးယူ-တရုတ်ထိပ်သီးအစည်းအဝေးတို့တွင် အီးယူက ကြိုးပမ်းမည်ဖြစ်ကြောင်း အီးယူဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ဘာရိုဆိုက ပြောကြားသည်။

ကျင်းပ

အာရှ-ဥရောပ အစည်းအဝေး (အာဆင်)မှာ အောက်တိုဘာ ၂၄ရက်နှင့် ၂၅ ရက်တို့တွင် ပေကျင်း၌ ကျင်းပမည်ဖြစ်ပြီး အီးယူ-တရုတ် ထိပ်သီး အစည်းအဝေးကို ပြင်သစ်နိုင်ငံ၌ ယခုနှစ်ကုန်ကျင်းပရန် စီစဉ်ထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဈေးလျှော့ပါဦး .... **ဘဝအမောပြေ**

ပီတာဆိုသည့် အလွန်ဈေးဆစ်တတ်သူတစ်ဦးမှာ သွားကိုက်သဖြင့် သွားဆေးခန်းသို့ သွားနုတ်ရန် ရောက်လာသည်။

ပီတာ ။ ။ ကျွန်တော့်သွားကိုက်လို့ သွားနုတ်ချင်တယ်။ ဘယ်လောက် ပေးရမှာလဲ။

သွားဆရာဝန် ။ ။ သွားနုတ်ခ ပုံမှန် ဒေါ်လာတစ်ရာယူပါတယ်။

ကတ်တီးကတ်ဖဲ့ ဈေးဆစ်တတ်သူပီပီ...

ပီတာ ။ ။ ဆရာရယ် ခဏလေးပဲလုပ်ရတာ ဒေါ်လာတစ်ရာဆိုတော့ ဈေးများတာပေါ့ လျှော့ပါဦး။

ဆရာဝန်က ခေတ္တမျှစဉ်းစားပြီးနောက်...

သွားဆရာဝန် ။ ။ ဟုတ်ကဲ့ရပါတယ်... ဒေါ်လာတစ်ရာနဲ့ ညီမျှအောင် ခင်ဗျားရဲ့သွားကို ဖြည်းဖြည်းချင်း နုတ်ပေးပါ့မယ်။

ပီတာ ။ ။ 'ဗျာ'

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေး ကမ္ဘာ့နိုင်ငံအသီးသီးမှအမတ်များကတောင်းဆိုရန် ကျူးဘားမေတ္တာရပ်ခံ

ဟာဗားနား အောက်တိုဘာ ၁၅

ကျူးဘားနိုင်ငံအပေါ် နှစ်ပေါင်း ၅၀လုံးလုံး အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့အရေးယူမှုကို အမေရိကန်ကွန်ဂရက်နှင့် အမေရိကန်အစိုးရတို့က ရုပ်သိမ်းပေးရေးအတွက် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှအမတ်များတောင်းဆိုကြပါရန် ကျူးဘားအမတ်များက အောက်တိုဘာ၁၄ရက်တွင်မေတ္တာရပ်ခံလိုက်သည်။

အတည်ပြု

ကျူးဘားနိုင်ငံအပေါ် အမေရိကန် ပိတ်ပင်မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်သည့် ဆုံးဖြတ်ချက်များကို ကုလသမဂ္ဂက လွန်ခဲ့သည့် ၁၆နှစ်လုံးလုံး ဆက်တိုက် အတည်ပြုခဲ့ကြောင်း၊ သို့သော် အမေရိကန်အစိုးရက မသက်ဆိုင်ကြောင်း ငြင်းဆိုခဲ့သည်ဟု ကျူးဘားပါလီမန်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြပါရှိသည်။

ဆုံးရှုံး

မကြာမီက ဂုစတက်နှင့် အိုက်မုန်တိုင်းများကျရောက်သဖြင့် ကျူးဘားနိုင်ငံမှာ ဒေါ်လာငါးဘီလီယံမျှ ဆုံးရှုံးခဲ့ရကြောင်း၊ သို့သော် ကျူးဘားအပေါ် ပိတ်ပင်အရေးယူမှုကို မည်သည့်အခါမှ ရုပ်သိမ်းပေးမည်မဟုတ်ကြောင်း အမေရိကန်အစိုးရက ထပ်မံပြောကြားကြောင်း ကျူးဘားပါလီမန် ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

16-10 (05).pmd 1 10/16/2008, 2:03 AM

အမေဇုန်သစ်တောကြီး၏ အစိတ်အပိုင်း တစ်စိတ်တစ်ဒေသမြင်ကွင်း ....

● *ကျောဖုံးမှ*

မျှဝေပိုင်ဆိုင်

တောင်အမေရိကတိုက်၏ မြောက်ဘက်ခြမ်း၌ တည်ရှိသော အမေဇုန်သစ်တောကြီးကို ဘရာဇီး၊ ဘိုလီးဗီးယား၊ အီကွေဒို၊ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ ဆူရီနမ်၊ ပြင်သစ်ဂိုင်ယာနာနှင့် အိုင်ယာနာနိုင်ငံတို့ဖြစ်သည့် နိုင်ငံပေါင်း ကိုးနိုင်ငံက မျှဝေပိုင်ဆိုင်သည်။

အမေဇုန်သစ်တော၏ နယ်မြေ ၆၀ရာခိုင်နှုန်းမှာ ဘရာဇီးနိုင်ငံအတွင်းတည်ရှိသည်။ သစ်တောဖုံးလွှမ်းသည့်နေရာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၅ဒသမ ၅သန်း (စတုရန်းမိုင် ၃ ဒသမ ၄သန်း)ရှိသည်။

စူးစမ်းရှာဖွေ

အမေဇုန်သစ်တောနှင့် ပတ်သက်နေသော ပါးစပ်ရာဇဝင်တစ်ခုမှာ စိတ်ဝင်စားဖွယ်ရာပင်။ အထူးသဖြင့် ဥရောပပါဝင်သော အရှေ့ကမ္ဘာလုံးခြမ်းမှ နယ်မြေစူးစမ်းရှာဖွေသူများသည် ရွှေ၊ ငွေနှင့် ကျောက်မျက်ရတနာများကို ရလိမ့်နိုးဖြင့် အမေရိကတိုက်သို့ ရောက်ရှိခဲ့ကြသည်။ ဘရာဇီးနိုင်ငံကို ကိုလိုနီပြုခဲ့ကြသော ပေါ်တူဂီ နယ်မြေစူးစမ်းရှာဖွေသူများသည် အလွန်ကြီးမားလှသည့် သစ်တောကြီးအတွင်း ရွှေဖြင့်တည်ဆောက်ထားသော မြို့ကြီးတစ်မြို့ရှိမည်ဟု ယုံကြည်ခဲ့ကြသည်။ ရွှေဖြင့်တည်ဆောက်ထားသော **"အယ်ဒိုရာဒို"** (Eldorado) ရွှေမြို့တော်ကြီးသည် ရွှေနှင့် ကျောက်မျက်ရတနာများဖြင့် ပြည့်လျှမ်းနေကာ ယင်းမြို့ကို အမေဇုန်(Amazon)မျိုးနွယ် အမျိုးသမီးစစ်သည်များက စောင့်ကြပ်နေသည်ဆို၏။ ပေါ်တူဂီတို့သည် အမေဇုန်မြစ်ကြောင်းအတိုင်း ဆန်တက်လာကာ အယ်ဒိုရာဒိုမြို့ကိုရှာဖွေတွေ့ရှိခဲ့သည်။ ၄င်းတို့သည် စပိန်နှင့် ပြင်သစ်တို့ထက် လက်ဦးမှုရယူကာ ရွှေများကို ရှာဖွေခဲ့သော်လည်း ယင်းမြို့ကို မည်သည့်အခါတွင်မျှ တွေ့ခဲ့ခြင်း မရှိခဲ့ပါချေ။

ဇီဝမျိုးစုံ

ဒဏ္ဍာရီပုံပြင်များတွင် ဝေဝေဆာဆာညွှန်းဆိုခံရသော အမေဇုန်သစ်တောနှင့် အမေဇုန်မြစ်(Amazon river)တို့မှာ ဇီဝမျိုးစုံ မျိုးကွဲများပေါကြွယ်ဝသည့် ဒေသအဖြစ် ယနေ့တိုင်အောင် ရပ်တည်နေဆဲဖြစ်သည်။

အမေဇုန်မြစ်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးမြစ်ဝှမ်းနှင့် အကြီးဆုံးရေထုတည်ရာ မြစ်ကြီးဖြစ်သည်။ တောင်အမေရိကတိုက်၏ ထက်ဝက်နီးပါးကိုဖြတ်သန်းကာ စီးဆင်းနေသည်။ အင်ဒီးစ်(Andes)တောင်တန်းဒေသတွင် မြစ်ဖျားခံပြီး ဘရာဇီးနိုင်ငံ၏ အတ္တလန္တိတ် ပင်လယ်ကမ်းရိုးတန်းဒေသအထိ ခရီးမိုင်ပေါင်း ၃၉၀၀ ရှည်လျားသော အမေဇုန်မြစ်၏ ပင်လယ်ဝမှ ၁၉၃၅ မိုင်အကွာရှိ အီကွစ်တိုမြို့အထိ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်နိုင်သည်။

ဘရာဇီးနိုင်ငံသည် အမေဇုန်သစ်တော နယ်မြေအများစုကို ပိုင်စိုးသော်လည်း ယင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှု စတုတ္ထအများဆုံးနိုင်ငံဖြစ်သည်။

ထူးထူးကဲကဲ

အမေဇုန်သစ်တောသည် ဟက်တာသန်း ၆၀၀ ကျော်အထိ ကျယ်ဝန်းသော်လည်း မကြုံစဖူး ထူးထူးကဲကဲ သစ်တော ပြုန်းတီးခဲ့ရသည်။

အမေဇုန်သစ်တောအပါအဝင် ကမ္ဘာ့ အပူပိုင်းသစ်တောများ ပျက်စီးသည်ဆိုလျှင် ကမ္ဘာ့ရာသီဥတုကို ဆိုးဆိုးရွားရွား ထိခိုက်လာပေမည်။ ကမ္ဘာ့ရာသီဥတုနှင့် ကမ္ဘာ့လေထုအလွှာကိုထိန်းသိမ်းပြီး ကာဗွန်ဓာတ်သိုလှောင်ရာ သစ်တောကြီးများသည် ရာသီဥတုပူလွန်းခြင်း၊ အေးလွန်းခြင်းမဖြစ်အောင် ထိန်းသိမ်းပေးနိုင်သည်။ ကမ္ဘာ့အပူပိုင်းသစ်တောကြီးများက ထုတ်လွှတ်သောအပူရှိန်သည် ကမ္ဘာ့လေစီးကြောင်းကိုလည်ပတ်စေပြီး အပူပိုင်းဒေသများကို အေးစေ၍ အအေးပိုင်းဒေသများကို နွေးစေသည်။

ဟောကိန်းထုတ်

ကမ္ဘာ့အပူပိုင်းဒေသများကို တစ်ကမ္ဘာလုံး အတိုင်းအတာအရ ထိန်းသိမ်းစောင့်ရှောက်မှုမပြုတော့ပါက ၂၀၃၀ပြည့်နှစ် ကမ္ဘာ့အပူပိုင်းသစ်တောပမာဏ ၁၀ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့မည်ဖြစ်ကြောင်း၊ အခြား၁၀ရာခိုင်နှုန်းမှာမူ တောနိမ့်တောပျက်သွားသည့်အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ၈၀ ရာခိုင်နှုန်းအထိ တောပြုန်းမှုနှင့်အတူ သဘာဝအလျောက်တည်ရှိနေသော ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းသွားမည်ဖြစ်ကြောင်း ပညာရှင်များက ဟောကိန်းထုတ်ထားသည်။

မကြာသေးမီနှစ်များအတွင်း ဘရာဇီးနိုင်ငံ ရွန်ဒိုနီယာပြည်နယ် (Rondonia)ရှိ သစ်တောနယ်မြေ ဟက်တာ ၂၄ ဒသမ ၃ သန်းအနက် ထက်ဝက်ခန့်မှာ လုံးဝပျက်စီးခြင်း၊ တောနိမ့်တောပျက်သွားသည့်အဆင့်သို့ ကျရောက်ခြင်း ဖြစ်ပေါ်ခဲ့ရသည်။

သဘာဝရိပ်မြုံ

ကမ္ဘာ့အပူပိုင်းဒေသရှိ မိုးသစ်တောများသည် တစ်မိနစ်လျှင် ၅၄ ဧကနှုန်းဖြင့် ပြုန်းတီးလျက်ရှိရာ လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော သဘာဝရိပ်မြုံကြီးများ ပျက်စီးရခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့် သဘာဝဖြစ်စဉ်များအရ ဇီဝမျိုးစုံကွဲပြားပြန်းတီးရမှုကို တားဆီးနိုင်ခြင်းမရှိသော်လည်း လူ့ပယောဂအရ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်း။

■ *ကျောဖုံးမှ*

ပို့လွှတ်

ခပေါင်းရေလှောင်တမံမှ ရေအားလျှပ်စစ် ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်ပေးပြီး ထုတ်လွှတ်လိုက်သောဆည်ရေများကို ခပေါင်းရေလှောင်တမံအောက်ဘက် (ရှစ်မိုင်)ခန့်အကွာရှိ ရေလွှဲဆည်သို့ ပို့လွှတ်ပေးသည်။ ရေလွှဲဆည်မှ ရေအားလျှပ်စစ်သုံးပြီး ထုတ်လွှတ်သောဆည်ရေများကို လယ်မြေဧရိယာဧက တစ်သိန်းခန့်အတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ရေလွှဲဆည်

ရေလွှဲဆည်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အကျယ်ပေ ၁၅၀၊ အမြင့် ၂၅ ပေရှိပြီး ရေထုစီးနှုန်း တစ်စက္ကန့်လျှင် ကုဗပေ၁၃၆၀၀ နှုန်းဖြင့် စိုက်ပျိုးရေထုတ်ပေးသည်။ ဆည်ရေသောက် ဧရိယာသို့ ၂၉ဒသမ၉၀မိုင် တူးမြောင်းမှ ရေလွှတ်ပေးပြီး လက်ယာတူးမြောင်းမကြီး ၁၄ဒသမ ၄၀မိုင်နှင့် လက်ဝဲတူးမြောင်းမကြီး အလျား ၁၅ဒသမ ၅၀မိုင်တို့မှ ဝဲယာလက်တံတူးမြောင်းတို့မှ ရေပေးလျက်ရှိသည်။

အပြည့်အဝ

ပဲခူးတိုင်းသည် မိုးတွင်း၌ မိုးစပါးအတွက် စိုက်ပျိုးရေ မိုးရေလုံလောက်မှု ရှိသော်လည်း နွေရာသီတွင် စိုက်ပျိုးရေ အခက်အခဲကြောင့် နွေစပါးကို ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့် စိုက်ပျိုးကြရသည်။ ခပေါင်းရေလှောင်တမံကြီး ပြီးစီးသွားပြီဖြစ်၍ ရေကိုနောက်ဆံမတင်းရဘဲ အပြည့်အဝရရှိ စိုက်ပျိုးနိုင်ကြပေပြီ။

အကျိုးဖြစ်ထွန်း

မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ရေသွင်းစိုက်ပျိုးနိုင်မှု အနေဖြင့် ၁၉၈၈-၁၉၈၉ခုနှစ်တွင် ဧရိယာ ၂ဒသမ ၅သန်းသာရှိခဲ့ပြီး ယခုအခါ ဧက ၅ဒသမ ၆သန်းအထိ နှစ်ဆကျော် တိုးတက်လာပြီဖြစ်သည်။ စိုက်ပျိုးရေ ဖူလုံစွာရရှိသဖြင့် စိုက်ပျိုးဧကများ တိုးတက်လာသည်။ ယခုအခါ ဒေသခံတောင်သူတစ်ဦးချင်းဝင်ငွေတိုးတက်လာကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပြီဖြစ်ပါကြောင်း သတင်းမှတ်စု တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အောက်တိုဘာ ၁၂ရက်က ၂၀၀၈ခုနှစ် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အထက(၃)တာမွေ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၅

ခေတ်အစဉ်အဆက် ပညာသင်ကြားပို့ချပေးကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့်(၁၉၆၄-၁၉၇၂) အငြိမ်းစားဆရာကြီးများ၊ ဆရာမကြီးများအား ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်အာစရိယပူဇော်ပွဲကို အောက်တိုဘာ၂၆ရက် နံနက်၁၀နာရီတွင် အထက(၃)တာမွေ အားမာန်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ပါဝင် လှူဒါန်းလိုသူများသည် ဦးခင်စိုး ဖုန်း-၅၄၅၄၉၄၊ ဒုတိယဗိုလ်မှူးကြီး ကျော်သိန်း(ငြိမ်း) ဖုန်း-၇၁၀၃၉၆၊ ဦးအေးကြူ ဖုန်း-၀၉-၅၁-၁၈၆၀၈၊ ဗိုလ်မှူးချိုချိုအောင်(ငြိမ်း) ဖုန်း-၆၄၀၀၂၉၊ ဦးနေဝင်း ဖုန်း-၅၄၀၀၆၁၊ ဦးအေးလွင် ဖုန်း-၀၉-၅၁-၃၄၉၁၈၊ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀-၀၄၈၃၆၊ ဦးဝင်းကို ဖုန်း-၅၅၅၅၄၃၊ ဒေါ်ခင်စန်းဝင်း ဖုန်း-၀၉-၅၁-၇၁၄၃၄၊ ဒေါ်မြတ်မြတ်ခိုင် ဖုန်း-၀၉-၅၀-၃၀၃၆၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒီပါဝလီနေ့ အလုပ်ပိတ်ရက် ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လကွယ်နေ့ (၂၀၀၈ခုနှစ် အောက်တိုဘာ၂၈ရက်) အင်္ဂါနေ့မှာ ဒီပါဝလီနေ့ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက် ဥပဒေပုဒ်မ(၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနုကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေ

ရန်ကုန် အောက်တိုဘာ ၁၅

အောက်တိုဘာ ၁၄ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မြောက်ဘက်၌ တောမီးလောင်ကျွမ်းခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက ၃၇၀၀ မီးဝါးမျိုခံရပြီး နေအိမ်ပေါင်းများစွာ ဖျက်ဆီးခံခဲ့ရသည်။

အောက်တိုဘာ ၁၅ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ချင်းပြည်နယ်တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ ၁၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဗန်းမော်	၁ ဒသမ ၅၀ လက်မ
မိတ္ထီလာ	၀ ဒသမ ၉၉ လက်မ
မင်းတပ်	၀ ဒသမ ၉၅ လက်မ
ခန္တီး	၀ ဒသမ ၇၉ လက်မ

အောက်တိုဘာ ၁၆ရက်(**ယနေ့**)ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲရွာနိုင်ပြီး ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

အောက်တိုဘာ ၁၆ရက်(**ယနေ့**) နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင် (တံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ 'ဗင်မြို့' အရှေ့မြောက်ဘက် မိုင် ၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလျက်ရှိရာမှ မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သာစည် ဝါစိုက်တောင်သူများနှင့်တွေ့ဆုံ

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၁၁ရက်က သာစည်မြို့နယ် အပျောက်ကျေးရွာအုပ်စု နှောပင်ကျေးရွာ၌ ဝါစိုက်တောင်သူများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဝါတောင်သူဦးကျော်ခင်၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါခင်းမှ ဝါသီးများ အသီးသီးမှုအခြေအနေ **(အပေါ်ပုံ)**၊ ဝါပေါက်များထွက်ရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ ဝါတောင်သူ ဦးဘိုးဝ၏ ဝါစိုက်ခင်း၌ အပင်ဖြစ်ထွန်းမှုအခြေအနေနှင့် ငါးသွားသံထွန်ဖြင့် မြေဆွပေါင်းရှင်းနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ(တောင်ရွာ)၌ တောင်သူများနှင့်တွေ့ဆုံ၍ ကုန်းတောင်းဆည်ရေရရှိမှုအခြေအနေကို ကြည့်ရှုပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

နို့နှင့်နို့ထွက်ပစ္စည်းမှ လူကိုဘေးဥပဒ်မဖြစ်စေရေးဂရုစိုက်

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း နို့စားနွားမွေးမြူရေးခြံများ စစ်ဆေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် အောက်တိုဘာ ၁၂ရက် နံနက် ၁၀နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့ စွန်ရဲဒေသရှိ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက် နို့စားနွား မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နို့နှင့်နို့ထွက်ပစ္စည်းများမှ လူကိုဘေးဥပဒ်အန္တရာယ် မကျရောက်စေရေးအတွက် အထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ခင်းကျင်း ပြသထားသော နွားရောဂါကာကွယ်ကုသဆေးများနှင့် နွားနို့အရည်အသွေး စမ်းသပ်စစ်ဆေးရန် အသုံးပြုသော Lacto Scan ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ရှိ ဦးဝင်းမောင်၏ မြဘုရင် နို့စားနွား မွေးမြူရေးခြံကို သွားရောက်ကြည့်ရှု အားပေးသည်။

နွားနို့အရည်အသွေး

ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ ဦးဝင်းညွန့်အောင်၏ ဝင်းမေတ္တာ နို့စားနွားမွေးမြူရေးနှင့် နို့ချက်စက်ရုံသို့ ရောက်ရှိပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နွားနို့အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ တောမကျေးရွာရှိ ဦးခင်မောင်ဝင်း၏ နို့စားနွား မွေးမြူရေးခြံကိုသွားရောက်ကြည့်ရှုအားပေးပြီး နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများအား ယခုလတ်တလော နို့ထွက်ပစ္စည်းများတွင် မယ်လမင်း ထည့်သွင်းအသုံးပြု၍ ကလေးငယ်များ ဘေးဒုက္ခရောက်ရှိနေရသဖြင့် ပြည်ပမှထုတ်လုပ်သည့် မည်သည့်နို့မှုန့် အမျိုးအစားကိုမှ အသုံးမပြုဘဲ နို့ဆီချက်လုပ်ရေး၊နိုင်ငံတော်၏ ထုတ်ပြန်ကြော်ငြာချက်များကို တိကျစွာလိုက်နာရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ချေးငွေထောက်ပံ့ပေးမည့် အစီအစဉ်နှင့် ထပ်မံတိုးချဲ့ မွေးမြူမည့် နို့စားနွားများအတွက် ပံ့ပိုးပေးမည့် အစီအစဉ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေမြို့မဈေး ကွန်ကရစ်ခင်း

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ကုန်စိမ်းတန်း၌ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၈ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

သတင်းအချက်အလက်နှင့် ကွန်ရက်နည်းပညာ ဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Myanmar Computer Company Ltd. (MCC) ၏ ပံ့ပိုးကူညီမှုဖြင့် သတင်းအချက်အလက်နှင့် ကွန်ရက်နည်းပညာ ဟောပြောပွဲကို အောက်တိုဘာ ၁၁ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ ပင်မဆောင် အခန်း(၂၀၅)၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးငြိမ်းဦးနှင့် အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့်(MCC)တို့က စီးပွားရေးလုပ်ငန်းများ၏ သတင်းအချက်အလက်များ လုံခြုံမှုကိုရည်ရွယ်ကာ သတင်းအချက်အလက်နှင့် ကွန်ရက်နည်းပညာခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်ခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၆ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်း**(ဝဲပုံ)**က ၂၀၀၈ခုနှစ် လုပ်ငန်းရည်မှန်းချက်(၁၁)ရပ်အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပြီး ပြင်ဦးလွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးရွာစာကြည့်တိုက်များတွင် စာအုပ်အလှူရှင် တိုးပွားရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအစဉ်များကို ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး တာဝန်များခွဲဝေ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

● ရှေ့ဖုံး

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးတို့မှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လက်ဆောင်ပေးအပ်

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့တက်ရောက်လာကြသည့် အသက် (၆၅)နှစ်နှင့်အထက် သဘင်နှင့် ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝလက်ဆောင်အဖြစ်ပေးအပ်သည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲသို့တက်ရောက်လာကြသည့် အသက်(၆၅)နှစ်နှင့်အထက် သဘင်နှင့် ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝလက်ဆောင်အဖြစ်ပေးအပ်စဉ်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်/တိုင်းအုပ်ချုပ်သူများ၊ လေ့လာရေးအဖွဲ့ဝင်များ၊ ကော်မတီ၊ ဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အကဲဖြတ်ဥက္ကဋ္ဌ၊ အဖွဲ့ခေါင်းဆောင်များအားတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၅

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းအုပ်ချုပ်သူများ၊ လေ့လာရေးအဖွဲ့ဝင်များ၊ ကော်မတီ၊ ဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ပြိုင်ပွဲဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဥက္ကဋ္ဌ၊ အဖွဲ့ခေါင်းဆောင်များအား ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမ၌တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အမှတ်(၇) တည်းခိုရေးစခန်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)



အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် အမှတ်(၇) တည်းခိုရေးစခန်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

၂၀၀၈ ခုနှစ် (၂၄) ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် ၂၁ နှစ်နှင့် အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ရပခဇုန် (တောင်ကြီး)၌ ယနေ့ညနေပိုင်းတွင် စတင်ကျင်းပသည်။

(ကက)အုပ်စု တောင်ကြီးမြို့ပြည်နယ်အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ) အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ကက)အုပ်စု ယင်းအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၁	၁၆-၁၀-၂၀၀၈ (ကြာသပတေးနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ပြဇာတ် ပြဇာတ်	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)(အမျိုးသား) လူငယ်အားမာန်မိုးယံဆီသို့ (မန္တလေးတိုင်း) လူငယ်အားမာန်မိုးယံဆီသို့ (တနင်္သာရီတိုင်း)	၀၉၀၀ ၁၃၀၀ ၁၈၃၀ ၂၁၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(စောင်း) အတီး(စောင်း) အတီး(စောင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒိုးပတ်) အတီး(ဒိုးပတ်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	အဆင့်မြင့်ပညာ(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး(စာသားရေး/ တေးသွားထည့်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား/အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား/အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား/အမျိုးသမီး)	၀၉၀၀

* ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များနှင့်တကွ ဗဟိုအကဲဖြတ်

တစ်ဖန် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ကြမည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညီအစ်ကို မောင်နှမများတွင်လည်း ပြီးခဲ့သည့်ပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သူများ၊ ပြိုင်ပွဲဝင်ပြီး ဆုတံဆိပ်နှင့် လွဲခဲ့ရသူများက ရွှေတံဆိပ်ရရှိအောင် ထပ်မံယှဉ်ပြိုင်မည့်

အနုပညာမျိုးဆက်သစ်တို့ ရှင်သန်တိုးပွားရာ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲမှ ဖွင့်ဟာစကားသံများ

ဒိုင်များ၊ ပြိုင်ပွဲဝင်အသင်းများအား ကြီးကြပ်အုပ်ချုပ်သူများအား (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ကြိုဆိုနှုတ်ဆက်သည့် အခမ်းအနားဖြစ်သည်။

ကြည်နူးချမ်းမြေ့ဖွယ်

မြန်မာနိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးမှ လာရောက်ပေါင်းစုံသော အနုပညာပန်းပွင့်များ စုပေါင်းရာ ပန်းဥယျာဉ်ကြီးတစ်ခုသဖွယ် မြင်တွေ့ရသည်မှာ ကြည်နူးချမ်းမြေ့ဖွယ်ရာအတိ ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ မျက်နှာပြင်ဝယ် ရွှင်လန်းတက်ကြွဟန်၊ ဂုဏ်ယူဝင့်ကြွားဟန် ပြည့်လျှမ်းနေသည်ကိုလည်း မြင်တွေ့ရသည်။

ဂီတသံစဉ်

တစ်နှစ်တာဝေးကွာခဲ့ပြီး ပြန်လည်ဆုံတွေ့ကာ ချစ်ကြည်ရင်းနှီးစွာ ယှဉ်ပြိုင်ရဦးမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း နှုတ်ဆက်သံများ၊ ဝမ်းသာအားရ တွေ့ဆုံမေးမြန်းသံများကား နေပြည်တော် မြို့တော်ခန်းမကြီး တစ်ခုလုံး ဖုံးလွှမ်းနေသည့် ဂီတသံစဉ်တစ်ခုသဖွယ် ဖြစ်နေသည်။

စုံညီစွာ

မြို့တော်ခန်းမအတွင်း၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ကျင်းပခဲ့သည့် ပထမအကြိမ်မှသည် ယခု (၁၆)ကြိမ်အထိ နှစ်စဉ် မပျက်မကွက် တာဝန်ယူဆောင်ရွက်ပေးနေသည့် ဂီတအနုပညာရှင် အကဲဖြတ်ဒိုင် အဖွဲ့ဝင်များကလည်း စစ်မှန်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အရှည်တည်တံ့ခိုင်မြဲရေးတွင် မိမိတို့၌ တာဝန်ရှိသည်ဟူသော ခံယူချက်ဖြင့် အသက်အရွယ်ကိုပဓာနမထားဘဲ အားကြိုးမာန်တက် ကူညီပံ့ပိုးပေးသော စိတ်ဓာတ်ဖြင့် စုံညီစွာ တက်ရောက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

နုပျိုဆဲ

ဂီတအနုပညာရှင်များတွင် အဆို အနုပညာရှင်ကြီးများ၊ အက အနုပညာရှင်ကြီးများနှင့် အတီး အနုပညာရှင်ကြီးများကို ကျန်းမာရွှင်လန်းစွာ တွေ့မြင်ရသည်မှာလည်း ဝမ်းသာကြည်နူးဖွယ်ရာပင်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာနှင့်ပတ်သက်လာလျှင် နုပျိုဆဲ၊ ရှင်သန်ဆဲ၊ လက်ဆင့်ကမ်းရန် အသင့်ဖြစ်နေဆဲ....။

"မနှစ်ကပြိုင်ပွဲ (၅-၁၀)နှစ်တန်း အကပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပြီးပါပြီ။ ဒီနှစ်လည်း ရွှေတံဆိပ်ရအောင် ထပ်ပြီးကြိုးစားသွားမှာပါ"
မောင်စောသမော့ရှူး
(၁၀-၁၅)နှစ် (အက)
ကရင်ပြည်နယ်။

သူများ၊ ရွှေတံဆိပ်ရရှိပြီး ယခုနှစ်၌လည်း ရွှေတံဆိပ် ဆက်လက်ဆွတ်ခူးနိုင်အောင် ပြိုင်ပွဲဝင်မည့်သူများ၊ တစ်ကြိမ်တစ်ခါမျှ ပြိုင်ပွဲ မဝင်ဖူးသေးသည့် ပြိုင်ပွဲဝင် အသစ်များကလည်း မြင်ကွင်းများ လှုပ်ရှားမှုကို တအံ့တသြ လိုက်ကြည့်ရှုနေသည့် မျက်လုံးများဖြင့် လေ့လာစူးစမ်းကာ ကြိုဆိုနှုတ်ဆက်သည့် အခမ်းအနားကို တက်ရောက်လျက်ရှိကြသည်။

မြို့တော်ခန်းမအတွင်း ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များအနက် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးဖြစ်သူ အသက် ၁၀ နှစ်အရွယ် မောင်စောသမော့ရှူးကို မေးမြန်းရာ "သားက အကပြိုင်ပွဲ ဝင်ပြိုင်မှာပါ။ မနှစ်ကပြိုင်ပွဲ(၅-၁၀)နှစ်တန်း အကပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပြီးပါပြီ။ ဒီနှစ် (၁၀-၁၅)နှစ်တန်းမှာ ဝင်ပြိုင်မှာ၊ ရွှေတံဆိပ်ရအောင် ထပ်ပြီးကြိုးစားသွားမှာပါ"ဟု သွက်လက်စွာ ဖြေကြားသွားသည်။

ဖြေကြား

တစ်ဖန် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးဖြစ်သူ မောင်မွန်ရှမ်းဇွန်ကလည်း "ချင်းပြည်နယ် တွန်းဇံမြို့ကပါ၊ ဒီနှစ်မှစပြီး ပြိုင်ပွဲဝင်မှာမို့ ကြိုးစားထားပါတယ်။ ကာလပေါ်တေး အဆိုပြိုင်ပွဲမှာ အမြင့်ဆုံးဆုရအောင် ပြိုင်သွားမှာပါ။ တေးသီချင်းသီဆိုဖို့ လေ့ကျင့်ပေးတာကတော့ ဆရာမ ဒေါ်ခင်စိုးဝင်း ဖြစ်ပါတယ်"ဟု အားတက်သရော ဖြေကြားသည်။

ထို့အပြင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးဖြစ်သည့် မအိဖြူစင်သန့်က "အက (၅-၁၀)နှစ်အတန်း အကပြိုင်ပွဲမှာ ဟောဒီလိုကကြိုးမျိုးတွေနဲ့ ယှဉ်ပြိုင်ပြီး ပြိုင်ပွဲဝင်သွားမှာပါ"ဟု ဟန်ပါပါကပြရင်း မြန်မာ့အလင်းသို့ ဖြေကြားသွားခဲ့ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

"ဒီနှစ်မှစပြီး ပြိုင်ပွဲဝင်မှာမို့ ကြိုးစားထားပါတယ်။ ကာလပေါ်တေး အဆိုပြိုင်ပွဲမှာ အမြင့်ဆုံးဆုရအောင် ပြိုင်သွားမှာပါ"
မောင်မွန်ရှမ်းဇွန်
(အဆို) ချင်းပြည်နယ်။

အားပြည့်မာန်ပြည့်

ထို့အတူ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူများကလည်း မိမိတို့ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များကို စည်းကမ်းတကျ ပြိုင်ပွဲဝင်နိုင်ရေး၊ ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရေးနှင့် မှာကြားချက်များကို လိုက်နာအကောင်အထည်ဖော်နိုင်ရေးတို့အပြင် ယခင်နှစ်ပြိုင်ပွဲကထက် ယခုနှစ်၌ ဆုတံဆိပ် ပိုမိုဆွတ်ခူးနိုင်ရေးအတွက် အားပြည့်မာန်ပြည့် တက်ရောက်လျက်ရှိသည်ကို တွေ့ရသည်။

တစ်နှစ်တာဝေးကွာခဲ့ပြီး ပြန်လည်ဆုံတွေ့ကာ ချစ်ကြည်ရင်းနှီးစွာယှဉ်ပြိုင်ရဦးမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း နှုတ်ဆက်သံများ၊ ဝမ်းသာအားရ တွေ့ဆုံ မေးမြန်းသံများကား နေပြည်တော် မြို့တော်ခန်းမကြီး တစ်ခုလုံး ဖုံးလွှမ်းနေသည့် ဂီတသံစဉ်တစ်ခုသဖွယ်။

သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့မည်

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အားကစားစာပေများကို နှစ်ပေါင်းများစွာ ရေးသားခဲ့ပြီး အများလေးစား အသိအမှတ်ပြုရသည့် ကလောင်စွမ်းရည်ကို ပိုင်ဆိုင်ခဲ့ကြသော အသက် ၇၀နှင့်အထက် "သက်ကြီးဝါရင့် အားကစား ကလောင်ရှင်ကြီးများအား ဂုဏ်ပြုကန်တော့ပွဲ"ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က အောက်တိုဘာ ၁၈ရက် (စနေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ IHBC (International Health & Beauty Centre)တွင် ကျင်းပမည်ဖြစ်ရာ အားကစားကလောင်ရှင်များနှင့် အားကစားမီဒီယာလောကမှ ပုဂ္ဂိုလ်များ တက်ရောက် ဂါရဝပြုနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (မြန်မာ့အလင်း)

မြစ်ကြီးနားအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

မြစ်ကြီးနားအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်း ဓမ္မာရုံကြီး၌ အောက်တိုဘာ ၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန် ဆုချီးမြှင့်နိုင်ရန် ဦးခင်မောင်ကျော် ဖုန်း-၅၆၂၅၉၁၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉၅၂၉၊ ဒေါ်နုနုဝင်း ဖုန်း-၀၉-၈၀-၃၀၂၀၇၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၅၁-၂၀၇၆၃၊ ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉၊ ဒေါ်ညိုမာသွယ် ဖုန်း-၀၉-၅၀-၂၁၈၁၅၊ ဒေါ်ဘေဘီ ဖုန်း-၅၇၂၀၀၈နှင့် ဦးအုန်းရွှေ ဖုန်း-၆၈၀၇၁၉၊ ၆၈၀၇၆၃တို့သို့ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဗဟိုအကဲဖြတ်ပညာရှင်များ၊ အကဲဖြတ်ဒိုင်များနှင့် အုပ်ချုပ်သူများအားတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၅

၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးသည် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ဒိုင်များနှင့် အုပ်ချုပ်သူများအား ယမန်နေ့ညနေ ၆နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ တွေ့ဆုံ၍ ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်ပြည်တောင်ပိုင်းတွင် မိုးသည်းထန်၍ ရေကြီး မြို့ကြီး ၁၂မြို့၌ ရေလွှမ်းမိုးမှုဖြစ်ပွား

ဟိုင်နန် အောက်တိုဘာ ၁၅

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်၌ မကြာသေးသည့် ရက်များက မိုးများ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့သဖြင့် လူနှစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုးများ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် တရုတ်နိုင်ငံတောင်ပိုင်းရှိ မြို့ကြီး ၁၂မြို့နှင့် ဒေသအချို့ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ပြောကြား

ထိုသို့ရေကြီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူ ၅၀၀၀၀နီးပါးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဆိုသည်။ ရေကြီးမှုကြောင့် ကျေးရွာ ၁၅၇ရွာ ရေနစ်မြုပ်ခဲ့ပြီး မြေနိမ့်ပိုင်းဒေသများတွင် ကောက်ပဲသီးနှံ ဟက်တာ ၁၂၀၀၀ခန့် ရေလွှမ်းခံရကြောင်း ဟိုင်နန်ပြည်နယ် ရေဘေးကာကွယ်တားဆီးရေးဌာနက ပြောကြားသည်။ (အင်တာနက်)

အိုမာ ဟာရီကိန်းမုန်တိုင်း အားကောင်း အမေရိကန်ကျွန်းစုများသို့ ဦးတည်တိုက်ခတ်

မီယာမီ အောက်တိုဘာ ၁၅

အိုမာအမည်ရှိဟာရီကိန်းမုန်တိုင်းသည် အောက်တိုဘာ ၁၄ရက် ညပိုင်းက အတ္တလန္တိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်လျက်ရှိပြီး ကာရစ်ဘီယံအရှေ့တောင်ပိုင်း ကျွန်းစုများသို့ ဝင်ရောက်ခဲ့သဖြင့် သစ်ပင်ကြီးများ လဲပြိုခြင်း၊ နေအိမ်နှင့်ကျောင်းများ အမိုးအကာများ လန်ကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန် မိုးလေဝသ ဌာနက ကြေညာသည်။

ယင်းမုန်တိုင်းသည်အောက်တိုဘာ ၁၄ရက် ညနေပိုင်းက ပွာတိုရီကိုမြို့ အနောက်တောင်ဘက်၃၁၅မိုင်အကွာတွင် တည်ရှိပြီး ဆက်လက် အားကောင်းလာသဖြင့် အမေရိကန်ကျွန်းစုများသို့ ဦးတည်လျက်ရှိသည်။

ဝင်ရောက်

အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၁၄ရက်က နယ်သာလန်ကျွန်းစု အရူဘာသို့ ဝင်ရောက်မွှေနှောက်ခဲ့ရာ သစ်ပင်ကြီးများ လဲကျခဲ့ကြောင်း သိရသည်။ (အင်တာနက်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

မြန်မာ့ယဉ်ကျေးမှုအမွေ ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေ

ဒေါက်တာခင်မောင်ညွန့်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲကြီးကို နေပြည်တော်တွင် ခြိမ့်ခြိမ့်သဲ စတင်ကျင်းပနေပြီ။ နှစ်စဉ်ကျင်းပ လာသော ဤပွဲကြီးတွင် မြန်မာ့ရိုးရာသုခုမပညာများကို ဖော်ထုတ်လာခဲ့ရာ (၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် ကွက်စိပ်နှင့်ပြဇာတ်ကိုပါ ထည့်သွင်း ဖော်ထုတ် လာခဲ့သည်။

မျိုးဆက်သစ် မြန်မာတို့ ကွက်စိပ်နှင့် ပြဇာတ် အလှမ်းဝေးလာခဲ့ကြသည်။ မြန်မာ့ရိုးရာဇာတ်သဘင်တွင် ကွက်စိပ်သည် သမိုင်းကွင်းဆက်တစ်ခုဖြစ်သည်။ ဇာတ်သည် ဇာတကမှဆင်းသက်လာသော စကားဖြစ်ပြီး ဘုရားဖြစ်စဉ် ဇာတ် နိပါတ်တော်များကို ခင်းကျင်းပြသ၍ လောက၊ ဓမ္မ၊ ရာဇကြောင်းကို သွန်သင် ဆုံးမသောပွဲဖြစ်သည်။လူကသည်ဖြစ်စေ၊ရုပ်သေးရုပ်ကို ကြိုးဆွဲကသည်ဖြစ်စေ၊ လူသုံးဦးနှင့်သာ ကသည်ဖြစ်စေ၊ လူတစ်ဦးတည်းက ကသည်ဖြစ်စေ ဇာတ် ချည်းဖြစ်သည်။ ပထမနှစ်မျိုးကို ကြည့်ရှုဖူးသူများသော်လည်း ဒုတိယနှစ်မျိုး ကား တိမ်မြုပ်ပျောက်ကွယ်ခဲ့သောကြောင့် ယခုဖော်ထုတ်တင်ဆက်နေသည်။

လူသုံးဦးနှင့်ကသော ဇာတ်ပွဲမှာ မြေဝိုင်းဇာတ်ဖြစ်သည်။ ဇာတ်မင်းသား၊ ဇာတ်မင်းသမီးနှင့် ဇာတ်ပို့အကူ အမျိုးသားတစ်ဦး၊ တူရိယာ လေးငါးဦးနှင့် သလင်းပြောင်နေရာ၌ ညဥ့်အချိန် မီးတုတ်တိုင်ကြီးများ အလင်းရောင်အောက် ကပြသောဇာတ်ဖြစ်သည်။ ပွဲကြည့်သူတို့ မြေပြင်တွင် ဝိုင်းထိုင်ကြည့်ကြသည်။ ဤသုံးဦးနှင့် ဇာတ်နိပါတ်၊ ပုံပြင်၊ ရာဇဝင်၊ သိုက်သမိုင်းတို့ကို ပိုင်နိုင်စွာ ကပြခဲ့ရာ ကိုလိုနီခေတ်ဦးလောက်တွင် ပျောက်ကွယ်သွားသည်။

ကွက်စိပ်သည် များသောအားဖြင့် အရွယ်လတ်၊ အရွယ်ကြီး၊ စာပေ ကျမ်းဂန်တတ် အမျိုးသားများသာ ကွက်စိပ်ဟောနိုင်သည်။ကွက်စိပ်ဆရာသည် နားထောင်ပရိသတ်အလယ်တွင်ထိုင်၍ ဇာတ်ထုပ်တစ်ခုလုံးကို သူတစ်ဦးတည်း က ဇာတ်ခင်းပြသည်။ဇာတ်ထုပ်တွင်ပါဝင်သော ဇာတ်ကောင်အားလုံး၏ အသံ၊ ဟန်ပန်၊အမူအရာပါဝင်သော ကျေးငှက်၊ တိရစ္ဆာန်၊ နတ်၊ ဗြဟ္မာ၊သိကြားတို့ကို

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်စားပြုအဖွဲ့ ဤသို့ယှဉ်ပြိုင်ခဲ့ကြသည်။ (သတင်းစဉ်)

သူတစ်ဦးတည်းက ဖန်တီးသရုပ်ဆောင်ရုံသာမက သက်ဆိုင်ရာ အဆို၊ အငို၊ အပြောနှင့်ဆိုင်ရာ ဇာတ်ပုံဆိုင်းသံကိုပင် သူ့ပါးစပ်မှ ပါးစပ်ဆိုင်းတီးနိုင်သူဖြစ် သည်။ ဇာတ်နိပါတ်တော်ကြီးများပါဆိုင်ရာ ပါဠိဂါထာ၊ဥဒါန်းကျူးတို့ကိုလည်း ဌာန်ကရိုဏ်းကျကျ ရွတ်နိုင်သူဖြစ်သည်။ သူရော၊ နားထောင်ပရိသတ်ပါ ခေတ္တအနားပေးပြီး ညလုံးပေါက်ခင်းနိုင်သော ကွက်စိပ်ဆရာကြီးများ ရှိခဲ့ဖူး သည်။ လူအများကသော ဇာတ်ကြီးများကဲ့သို့ပင် လောက၊ ဓမ္မ၊ ရာဇအကြောင်း သုံးပါး၊ ဆုံးမသွန်သင်သောသင်ခန်းစာများနှင့် ဇာတ်သိမ်းသည်။ ရှမ်းပြည်နယ် ပင်းတယ၊ ပွေးလှတို့၌ ကွက်စိပ်ဆရာကို မှော်အေးဆရာဟု ခေါ်သည်။ ရဟန်းတော်များ ဇာတ်နိပါတ်များကို ကွက်စိပ်ဆန်ဆန်ဟောသောအခါ (ဥပမာ ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု)ဟောစာဟုလည်း ခေါ်ကြသည်။ ကွက်စိပ်သည် လုံးဝပျောက်ကွယ်မသွားပါ။ မြန်မာ့အသံက ကွက်စိပ်ဆရာကြီး တွံတေး ဆရာညွန့်၏ ဗုဒ္ဓဝင်ကွက်စိပ်များကို လွှင့်ပေးလျက် ရှိပါသည်။ ဤဆရာကြီး ကွယ်လွန်သွားပြီးနောက် ပြောင်မြောက်သော ကွက်စိပ်ဆရာများ ထွန်းပေါက် လာစေရန် ယခုပြိုင်ပွဲကြီးက စင်တင်ပေးလျက်ရှိသည်။

မြန်မာ့ပြဇာတ်ကို ခေတ်ဟောင်းနှင့် ခေတ်သစ်ဟု နှစ်မျိုးပိုင်းခြားနိုင်ပါ သည်။ ခေတ်ဟောင်းပြဇာတ်မှာ ၁၈ရာစုလောက်က စတင်ပေါ်ထွန်းလာပြီး ၁၉ရာစုနောက်ပိုင်းတွင် အထွတ်အထိပ်သို့ တိုးတက်လာသည်။ ဦးကြင်ဥနှင့် ဦးပုည ပြဇာတ်ဆရာကြီးနှစ်ဦး ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ပေါ်ထွန်းလာ ရာ ဇာတ်နိပါတ်တော်မဟုတ်သောထိုးဇာတ်များကိုပါ ရေးသားတင်ဆက်လာကြ သည်။ ဥပမာ-ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်၊ အဆို၊အငို၊အပြော၊ဟာသများ ပါဝင်ပြီး တစ်ညတည်းနှင့် အပြီးကပြနိုင်သော ဇာတ်များဖြစ်သည်။ ထိုခေတ် ထိုအခါက လူကြီး၊ လူလတ်၊ လူငယ်အားလုံး နှစ်သက်သော ပြဇာတ်များဖြစ်ပြီး ဖတ်ရန်၊ ကရန်အတွက် ရေးကြသည်။ သို့သော် လောက၊ ဓမ္မ၊ ရာဇသင်ခန်းစာ များလည်း ပါသည်။

ခေတ်သစ်ပြဇာတ်မှာ ဗြိတိသျှကိုလိုနီခေတ်နှောင်းတွင်စတင်ပေါ်လာသည်။ ရုပ်ရှင်၏ဩဇာညောင်းမှုကြောင့် ပေါ်လာသည်ဟု ပြဇာတ်သုတေသီတို့က ဆိုပါ သည်။ညဥ့်လုံးပေါက်ကရသော မြန်မာ့ဇာတ်အဖွဲ့ကြီးများ ရှေ့ပိုင်းတွင် အစီအစဉ် သစ်များတီထွင်လာကြရာ အောက်မြန်မာပြည်၌ ''လူဘိုင်စကုတ်''၊ အထက် မြန်မာပြည်၌ ''လူဓာတ်ရှင်''ဟု ပေါ်လာသည်။ အောက်ပြည် အောက်ရွာတွင် ဘိုင်စကုတ် ''ရုပ်ရှင်''ဟုခေါ်ကြသော်လည်း အညာဒေသတွင် ''ဓာတ်ရှင်''ဟု ခေါ်ပါသည်။ ရုပ်ရှင်(ဓာတ်ရှင်)ကဲ့သို့ ခေတ်အဝတ်အစားစတိုင်၊ ဟန်ပန် အပြောအဆို၊ သီချင်းဂီတကို ဇာတ်ခုံပေါ်တွင် လူကိုယ်တိုင် သရုပ်ဆောင်ကပြ ခြင်းကြောင့် လူဓာတ်ရှင်၊ လူဘိုင်စကုတ်ဟု ခေါ်လာသည်။ နာမည်ကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးတို့၏ ''အက်တင်''နှင့် ကပြသည်။ တီးဝိုင်းမှာလည်း ဆိုင်းမဟုတ် (Band) ခေတ်တီးဝိုင်းဖြစ်ပြီး ရုပ်ရှင်သီချင်းကိုတီးသည်။ အချစ် ဇာတ်လမ်းများဖြစ်ပြီး ချစ်သူနှစ်ဦးတွေ့ကြ၊ ချစ်ကြ၊ ကွဲကွာကြ၊ လွမ်းကြ၊ နောက်ဆုံးပြန်ပေါင်းပြီးဇာတ်သိမ်းသည်။ လူကြမ်း၊လူရွှင်တော် (Villain and Comedians)စတန့်ထိုးသတ်ခန်းများ ဒိုင်ဗင်၊ဖိုက်တင်(Diving, Fighting) များလည်းရုပ်ရှင်ထဲကအတိုင်းပါဝင်ရသည်။ ဇာတ်မင်းသားများမှာ ဆံပင်ရှည်ပြီး ရုပ်ရှင်အက်တင် မလုပ်တတ်ကြပါ။ အပြင်မှ ရုပ်ဖြောင့်ပြီး ရုပ်ရှင်ဝါသနာအိုး ကောလိပ်၊ ဟိုက်စကူးကျောင်းသား ကျောင်းသူများကို ငွေကြေးချီးမြှင့် ခေါ်ယူ သရုပ်ဆောင်စေသည်။ ထင်ရှားသော ဘတင့်၊ ဘမြင့်၊ ခင်မောင်ရင်၊ ခင်မြ ရင်၊ မေမေဝင်း၊ မေရှင်နှင့် စတန့် မင်းသား တင်ငွေ၊ တင်ဖေ၊ ချစ်ရွှေတို့ အက်တင်နှင့် သရုပ်ဆောင်ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန် ခေတ်က ခေတ်သစ်ပြဇာတ် ပေါ်ထွန်း လာပါသည်။ လျှပ်စစ်မီးမရှိ၊ ဖုံးကြဲ မည်စိုး၍ ညမီး မထွန်းရ၊ ရုပ်ရှင်မပြ ရပါ။ နေ့ခင်းပြဇာတ်များ ပေါ်လာ သည်။ ရန်ကုန် ကန်တော်ကြီး မြေ ကွက်လပ်တွင် ကပ်မိုး ကပ်ကာ ပြဇာတ်ရုံကြီး မြိုင်ရုံပေါ်လာပြီး ရုပ်ရှင် အစားထိုးပြဇာတ်များ ကပြရသည်။ ရုပ်ရှင် ဒါရိုက်တာများ၏ ရုပ်ရှင် ဇာတ်ထုတ်ကို ကပြသည်။ ဟာသ ရသ၊ ကရုဏာ ရသ၊ အချစ် အလွမ်း အဆွေး စုပေါင်းဇာတ်များ ဖြစ်သည်။ သုံးနာရီထက်မကျော်သော ဇာတ်များ ဖြစ်သည်။ ငယ်ကျွမ်းဆွေ၊ ဂုဏ်ရည် မတူ၊ မြဲတဲ့သစ္စာ၊ တစ်ဝါကျွတ်ပေါ့ သက်ဝေရယ် စသော ဇာတ်များအပြင် သိုက်သမိုင်းများကိုလည်း ရုပ်ရှင် ဆန်ဆန် တင်ဆက်သေးသည်။

စစ်ပြီးခေတ်တွင် မော်ဒန်ပလေး ပီပီပြင်ပြင် ပေါ်ထွန်းလာသည်။ ရန်ကုန်မြို့တွင် ကာဌေးရုံနှင့် ဝင်းဝင်း ရုံ ဟူသော ပြဇာတ်ရုံနှစ်ရုံ၌ ခေတ် ပြဇာတ် အမြဲကသည်။ နယ်နှင့် အခြား နေရာများတွင်မူ ရုပ်ရှင်ရုံကို ပြဇာတ် ရုံအဖြစ် ပြောင်းကသည်။ နှစ်နာရီခွဲ ထက်မကျော်သော ပြဇာတ်များဖြစ်ပြီး ဇာတ်ထုပ်ကို ရုပ်ရှင်ဒါရိုက်တာများက ရေးကာ ညွှန်ကြားပေးသည်။ ပြဇာတ် ဇာတ်ခုံကို အထူး ပြုပြင်ရသည်။ ဆုံလည်၊ ရွှေ့လျား၊ ဆွဲချ၊ ခေါက်တင်၊ ဆက်တင် အမျိုးမျိုးတပ်ဆင်ထားသည်။ ခေတ်ဂီတဝိုင်းသာသုံးပြီး ဇာတ်ဝင်သီချင်းများ သီးခြားရေးစပ် သီဆိုရသည်။ မီးနှင့်အသံပါ ခေတ်မီလာသည်။ ရုပ်ရှင်ထဲက အတိုင်း ပြဇာတ်မင်းသား၊ မင်းသမီး၊ လူကြမ်း၊ ဇာတ်ပို့များအပြင် လူရွှင်တော် မလွဲမသွေပါရသည်။ တက္ကသိုလ်မျိုးချစ်၊ ခင်မောင်မြင့်၊ ခင်မောင်ကြည်၊ ခင်အုန်းမြင့်၊ မေချစ်၊ ကြည်ကြည်ဌေး၊ မြင့်မြင့်ဌေး စသူတို့မှာ ရုပ်ချော အသံကောင်းသော ပြဇာတ်

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား) ကွက်စိပ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဟောပြောယှဉ်ပြိုင်ခဲ့စဉ်။ (သတင်းစဉ်)

မင်းသား၊ မင်းသမီးများဖြစ်သည်။ သန်းနွဲ့၊ ဖိုးပါကြီး၊ ဂျော်လီဆွေ၊ ကြယ်နီ၊ မစိန်ခင် စသူတို့မှာ အလွန်ပွဲကျသော လူရွှင်တော် အမျိုးသား အမျိုးသမီးများ ဖြစ်သည်။ ဗိုလ်ကလေးတင့်အောင်၊ ရန်နိုင်စိန် စသူတို့မှာ ပြဇာတ်ဆရာကြီး များ၊ ဒါရိုက်တာကြီးများဖြစ်ပြီး ဂီတလုလင် ဒေါက်တာမောင်ကိုကို(ကွယ်လွန်) စသူတို့မှာ ပြဇာတ် ဂီတဆရာကြီးများ ဖြစ်သည်။ ပြဇာတ်အများစုမှာ လူနေမှု ဘဝ၏ အနိဋ္ဌာရုံများ၊ နေ့စဉ်ဘဝ၏ စိတ်ညစ်ညူး ဖွယ်ရာများကို ခေတ္တ မေ့ပျောက်ပြီး တဝါးဝါး တဟားဟားနှင့် စိတ်အပန်းဖြေရန် ဦးတည်သော ဟာသဇာတ်များဖြစ်သည်။ ထို့ကြောင့် ဇာတ်လမ်းအရလည်း ကြည်နူးနှစ်သက် စရာ ဖြစ်ရသည်။ လူရွှင်တော်များက လူမှုဘဝကို ပျော်စရာ ဖြစ်စေရန် ပြက်လုံးထုတ်ရသည်။ ကမ္ဘာ့ပြဇာတ်ဝေါဟာရစကားအရ ဤသို့သော ပြဇာတ်ကို **Slap-Sticks** ဟု ခေါ်ပါသည်။ ဤပြဇာတ်နှင့်အတူ ပြဇာတ်စာပေ တစ်မျိုးလည်း ပေါ်လာသည်။ လစဉ်ထုတ် မြန်မာရုပ်စုံမဂ္ဂဇင်းများ (ဒဂုံ၊ ငွေတာရီ၊မြဝတီ၊ရှုမဝ)တွင် ပြဇာတ်ကဏ္ဍသီးခြားပါလာသည်။ ၁၉၄၇-၅၂ အထိ တက္ကသိုလ်ကောလိပ် အင်္ဂလိပ်စာအတွက် **Modern Plays** ကို ပြဋ္ဌာန်း ခဲ့ရာ **One Act play** တစ်ခန်းရပ်ပြဇာတ် ခေတ်စားလာသည်။ တက္ကသိုလ်၊ ကောလိပ်၊ ဟိုက်စကူးကျောင်းကပွဲ ကွန်ဆက်များတွင် တစ်ခန်းရပ် ပြဇာတ် များကို ဆရာ၊ကျောင်းသားများပူးပေါင်းတင်ဆက်ကပြကြရာ အလွန်ခေတ်စား လာပြီး မဂ္ဂဇင်းများမှာပင် တစ်ခန်းရပ်ပြဇာတ်များ ရေးလာကြပြီး မြန်မာ့အသံ မှလည်း အသံလွှင့်ပေးလာသည်။

ပြဇာတ်ထုတ်လုပ်တင်ဆက်မှုစရိတ်ကြီးလာခြင်း၊ ရုပ်ချော၊ အသံကောင်း မင်းသား မင်းသမီး ရှားပါးလာခြင်း၊ ရုပ်ရှင်ပြန်ရောက်လာပြီး သုံးဖက်မြင် (သရီးဒီ)မြင်ကွင်းကျယ်၊ စီနီမာစကုတ်၊ ဆေးရောင်စုံ(**Technicolour**)စသော ရုပ်ရှင်အသစ်အဆန်းများ၏ ဩဇာအရှိန်တို့ကြောင့် ပြဇာတ် ကျဆင်းလာရ သည်။ ထို့အပြင် ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းနှင့် လိုက်လျောစွာ ပြောင်းလဲတင်ဆက်နိုင်ခြင်းမရှိသောကြောင့် ကျဆင်းရပါသည်ဟု ဗိုလ်ကလေး တင့်အောင်နှင့် ဂီတလုလင် ဒေါက်တာမောင်ကိုကိုတို့က မှတ်ချက်ပြုဖူးသည်။

ယနေ့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက မြန်မာ့သုခုမပညာသမိုင်းတွင် ပေါ်ထွန်းခဲ့ပြီးဖြစ်သော ကွက်စိပ်နှင့် ပြဇာတ်ကို ပြိုင်ပွဲစင်ပေါ်သို့ ထင်ပေါ်လာစေရန် တင်ပေးလိုက် ခြင်းဖြင့် သုခုမမျိုးဆက်သစ်တို့ မြန်မာ့ယဉ်ကျေးမှုအမွေကို ဆက်လက် ထိန်းသိမ်းနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကြီးက မြန်မာ့သုခုမပညာသမိုင်းတွင် ပေါ်ထွန်း ခဲ့ပြီးဖြစ်သောကွက်စိပ်နှင့်ပြဇာတ်ကို ပြိုင်ပွဲစင်ပေါ်သို့ ထင်ပေါ် လာစေရန်တင်ပေးလိုက်ခြင်းဖြင့် သုခုမမျိုးဆက်သစ်တို့ မြန်မာ့ ယဉ်ကျေးမှုအမွေကို ဆက်လက်ထိန်းသိမ်းနိုင်။

(၄၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ထားဝယ်၌ ဂုဏ်ပြုလွှာနှင့် ဆုများချီးမြှင့်

ထားဝယ် အောက်တိုဘာ ၁၂

ထားဝယ်ခရိုင် (၄၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ တနင်္သာရီတိုင်း ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ကျော်ဆွေနှင့် ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ ထားဝယ်ခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ထားဝယ် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး(ဦးစီး)ကျင်ယုနိုင်၊ ခရိုင်တရားသူကြီး ဒေါ်ဌေးဌေးကြည်၊ ခရိုင်ဥပဒေအရာရှိ ဦးတင်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ အကျဉ်းဦးစီးဌာနမှ ထောင်ပိုင်ကြီး ဦးဌေးကျော်၊ထားဝယ်ခရိုင် လေးမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ ဆုရရှိသူရဲတပ်ဖွဲ့ဝင် ၂၁ဦးနှင့် အရပ်သား ၁၁ဦးတို့ တက်ရောက်ကြပြီး ဆုရရှိသူရဲတပ်ဖွဲ့ဝင်များ၊ အရပ်သားများကို ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းတို့က ဂုဏ်ပြုလွှာများနှင့် ဆုများချီးမြှင့်သည်။

အခမ်းအနားတွင် ဒုတိယရဲမှူးကြီး နေထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အားကြိုးမာန်တက် ကူညီပေးသော မြန်မာ့အလင်းမှ ထားဝယ်မြို့နယ် သတင်းထောက် ဦးခင်မောင်ကြီးအား ဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (၁၈၇)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် လောပိတလမ်းပြုပြင်မှုကို စက်တင်ဘာ ၂၃ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

မန္တလေး အောက်တိုဘာ ၁၃

မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)နယ်မြေအတွင်းရှိ ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ မတ္တရာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မိုးကုတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ အသက် (၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၇ရက် နံနက်၉နာရီက ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်း ဟောင်းရုံး၌ ကျင်းပသည်။

ထောက်ပံ့

အခမ်းအနားတွင် အသက် (၇၅) နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် တစ်ဦးလျှင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ (ဗဟို)မှ ချီးမြှင့်သည့် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၊ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)မှ ချီးမြှင့်သည့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် စုစုပေါင်း ၃၀ အတွက် ငွေကျပ် ကိုးသိန်းကို မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော **(ယာပုံ)**နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)၊ ဗိုလ်ကြီးအောင်ဖြူ(ငြိမ်း)၊ ဗိုလ်ကြီးနေလင်း(ငြိမ်း)နှင့် ပြင်ဦးလွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်စိုး(ငြိမ်း)တို့က ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ (၁၆၂)

စာကြည့်တိုက်များအတွက် အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်

ပဲခူး အောက်တိုဘာ ၁၅

ပဲခူးတိုင်းအတွင်းရှိ ကျေးလက်နေပြည်သူများ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် ဖွင့်လှစ်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အလှူငွေ၊ စာအုပ်စာစောင်၊ အဆောက်အအုံနှင့် ပရိဘောဂလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာလအတွင်း ပဲခူးမြို့၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ၊ စာပေဝါသနာရှင်များ တစ်ဦးချင်းဖြစ်စေ၊ ဌာနအလိုက်၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ ပါဝင်လှူဒါန်းကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုလျှင် တိုင်းဦးစီးမှူး ဦးကြည် ဖုန်း-၀၅၄-၂၅၂၁၀၊ တောင်ငူခရိုင် ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော် ဖုန်း-၀၅၄-၂၃၁၂၀နှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှ ဖုန်း-၀၅၂-၂၁၁၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(တိုင်း ပြန်/ဆက်)

မင်းဘူးမြို့ စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထား

မင်းဘူး အောက်တိုဘာ ၁၄

မင်းဘူးမြို့ စည်ပင်သာယာဈေးကြီး အတွင်း မီးဘေးအန္တရာယ်မှ အစဉ်ကင်းဝေးစေရေးနှင့် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး အတွက် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရနှင့်အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် မီးသတ်တပ်ဖွဲ့မှူးတို့ ပူးပေါင်းပြီး စည်ပင်သာယာဈေးအတွင်း မီးဘေးကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးလျှပ်စစ်မီးလိုင်းသွယ်တန်းထားမှု၊ မီးသတ်ရေလှောင်ကန်များ၊ ဒိုင်းရှင်း မီးသတ်စက်များ တပ်ဆင်ထားရှိမှု၊ အသား၊ ငါးအရောင်းဆိုင်များ ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချနေမှုတို့ကို အောက်တိုဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးဝင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေး အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မြစန္ဒာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဩဂုတ်၂၇ရက်က မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပန်းခြံမြေယာရှုခင်းတွင် ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ဖြည့်စွက်စိုက်ပျိုးခြင်းလုပ်ငန်းကို စက်တင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အေးသာယာမြို့ အေးသီရိဈေးတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၃၀ ရက်က ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို အေးသာယာရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးကျော်မိုး ဦးစီး၍ ကျန်းမာရေးမှူး(၂)ဦးကြည်ဝင်းနှင့် စစ်ဆေးရေးမှူး(၄)(သန့်ရှင်း)ဦးမောင်မောင်အောင်တို့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲ သံတွဲ၌ကျင်းပ

သံတွဲ အောက်တိုဘာ ၁၂

ရခိုင်ပြည်နယ် သံတွဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလေးငါးဦးအတွက် အာဟာရချက်ပြုတ်ပြိုင်ပွဲ ယှဉ်ပြိုင်ကြရာ ဆုရရှိကြသည့် အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ အသက်ငါးနှစ်အောက် ကလေးငယ်၂၅ဦးတို့အား အာဟာရကျွေးမွေးခြင်း၊ မုန့်များ ဝေငှခြင်းနှင့် ဗီတာမင်အားဆေးများ တိုက်ကျွေးခြင်းတို့ကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိရေးနှင့် အောင်ချက်မြင့်မားရေး ပန်းတောင်း၌ဟောပြော

ပန်းတောင်း အောက်တိုဘာ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသားကျောင်းသူများ ဗဟုသုတရရှိရေးနှင့် အောင်ချက်မြင့်မားရေး ရည်ရွယ်ပြီး ဟောပြောပွဲကို ပန်းတောင်းအခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင် ခန်းမဆောင်၌ စက်တင်ဘာ၁၁ရက်က ကျင်းပရာ အထက်တန်းပြဆရာမ ဒေါ်သက်နှင်းဝင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် ပန်းတောင်း အထက ကျောင်းအုပ်ဆရာကြီး ဦးမောင်တင်က အမှာစကားပြောကြားပြီး ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းမြင့်က ပန်းတိုင်ကိုလှမ်းကိုင်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။ အဆိုပါ ဟောပြောပွဲကို ပန်းတောင်းမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

နေပြည်တော်တိုင်း တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၅

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့သည် အောက်တိုဘာ ၁၂ရက် ညနေ ၃နာရီက နေပြည်တော် ပျဉ်းမနား ခရိုင် ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပသော နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၀၈ခုနှစ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သော အမှတ်(၁)မော်တော်ယာဉ်တပ်ရင်းအသင်းနှင့် အမှတ်(၂)မော်တော်ယာဉ်အသင်းတို့၏ ပွဲစဉ်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော အမှတ်(၁)မော်တော်ယာဉ်တပ်ရင်းအသင်းမှ အမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီး ဘော်လီဘောအသင်းတို့မှ အုပ်ချုပ်သူများနှင့် အသင်းခေါင်းဆောင်တို့အား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်သည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်း ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး အမှာစကားပြောကြား

မြိတ် အောက်တိုဘာ ၁၅

တနင်္သာရီတိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက မြိတ်မြို့ တနင်္သာရီ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်စိုးက တပ်ဖွဲ့၏ ဦး၊ ရေး၊ ထောက်ဆိုင်ရာ အချက်အလက်များ၊ နယ်မြေအခြေအနေ၊ မှုခင်းကျဆင်းရေး ဆောင်ရွက်မှုအခြေအနေ၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှု အခြေအနေများနှင့် တပ်ဖွဲ့ သက်သာချောင်ချိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကား ပြောကြားသည်။ (၀၄၃)

ကာယဗလနှင့် အလေးမကော်မတီ ကျောက်မဲမြို့နယ်တွင် ပြန်လည်ဖွဲ့စည်း

ကျောက်မဲ အောက်တိုဘာ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကာယဗလနှင့် အလေးမကော်မတီ ပြန်လည်ဖွဲ့စည်းသည့် အခမ်းအနားကို အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ၁၉၅၄ ခုနှစ်က ရှမ်းပြည်နယ်တွင် ကမ္ဘောဇ ကာယဗလမောင်နှင့် အလေးမပထမဆုရရှိခဲ့သူ အသက် (၈၀) ရှိ ဦးထွန်းကြည်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၏ ကာယဗလနှင့် အလေးမသမိုင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး (ဝဲပုံ) ဥက္ကဋ္ဌ ဦးအုန်းမောင်ပါဝင်သော ကျောက်မဲမြို့နယ် ကာယဗလနှင့် အလေးမကော်မတီကို ဖွဲ့စည်းသည်။ **(မြို့နယ် အား/ကာ)**

Java Professional နှင့် သက်ဆိုင်သည့်သင်တန်းများ Yoma Technologies မှ သင်ကြားပို့ချမည်

ရန်ကုန် အောက်တိုဘာ ၁၅

Software Engineerတစ်ယောက် ဖြစ်လာစေရန်အတွက် Yoma Technologies ၏ လက်တွေ့ Program ရေးသားမှုသင်တန်းမှ Professional Software ရေးသားခြင်းကို လမ်းပြပို့ချပေးမည်ဖြစ်သည်။ လက်တွေ့ ဆောင်ရွက်နေသည့် ကျွမ်းကျင်သူများထံမှ လေ့လာသင်ယူခြင်းဖြင့် Software Development နယ်ပယ်တွင် လုပ်ဆောင် အသုံးပြုလျက်ရှိသည့် နည်းစနစ် အတွေ့အကြုံများကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ Yoma Technologies သည် လုပ်ငန်းအတွေ့အကြုံ နှစ်ပေါင်းများစွာရှိသည့် British Software Engineer ၏ စီစဉ်ညွှန်ကြားမှုဖြင့် နိုဝင်ဘာ ၃ ရက်တွင် Programming Course (Java) နှင့် Java Programmer Course တို့ကို လည်းကောင်း၊ နိုဝင်ဘာ ၂၄ရက်တွင် Java Professional Developer Course (Project)ကိုလည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်ကြားမည်

Programming Course (Java) တွင် Computer Programming concepts, Introduction to Programming using Java, Programming Logic & Control Structures, Recursion and Algorithms, Introduction to Object Oriented Programming(OOP)တို့ကို သင်ကြားမည်ဖြစ်သည်။

Java Programmer Course တွင် Object Oriented Design and UML, Core Java/ J2SE (Collections, IO, Inner Classes, Generics etc), Java Swing API for GUI Exceptions and Exception Handling Techniques, Introduction to Relational Databases and SQL, Java Database Connectivity (JDBC)တို့ကို သင်ကြားမည်ဖြစ်သည်။

Java Professional Developer Course (Project)တွင် Software Development Lifecycle, Object Oriented System Analysis and Design, Software Architectures, Component Based Development. Software Engineering Best Practices, A practical software development project to apply all of the above တို့ကို သင်ကြားမည်ဖြစ်သည်။

စုံစမ်းနိုင်

သင်တန်းတက်ရောက်လိုသူများသည် Yoma Technologies ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက် အဆောင်(၂) အခန်း(၃)ဖုန်း-၆၅၂၂၆၄၊ (လိုင်းခွဲ-၁၅)၊ ဖုန်း-၇၀၃၂၃၀ Web: www. yomatechnologies. com / training သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲနှင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ ကျင်းပရေးစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၅

လေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေရရှိရေးရည်ရွယ်ကျင်းပသည့်ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲနှင့် တတိယအကြိမ် Grand Royal Challenge Cup 2008ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘန်နီတင်အောင်နှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

စစ်မှုထမ်းဟောင်းပြန်လည်ဖွဲ့စည်းရေး ကောလင်း၌ညှိနှိုင်း

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စစ်မှုထမ်းဟောင်း ပြန်လည်ဖွဲ့စည်းရေးလုပ်ငန်း အစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က မြို့နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းရေး လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။ (၀၃၂)

ကျောက်မဲမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးယှဉ်ပြိုင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က မြို့မအားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူးကိုကိုကြီးက ဘောလုံးကန်၍ ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအဖြစ် အမှတ် ၂ရပ်ကွက် (ခ)အသင်းနှင့် အမှတ် ၄၊၅၊၆ရပ်ကွက် အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ **(မြို့နယ် ထွေ/အုပ်)**

ဆားလင်းကြီး ပြန်/ဆက်ဦးစီးဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများစာဖတ်ရှိန်မြင့်မားစေရန်အတွက် ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို စက်တင်ဘာ ၃၀ရက် နံနက် ၁၀ နာရီက ဆားလင်းကြီးမြို့နယ်ရုံး စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြကြ စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စာ/ထောက် ဦးချိုချိုအောင်က ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ခုနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ နှိုင်းယှဉ်ချက်များကို ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ခန္တီး ဆင်သေတစ်ဖက်ရပ်ဆည် တည်ဆောက်ရေးဆွေးနွေး

နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် တစ်ဖက်ရပ်ဆည်တည်ဆောက်ရေးလုပ်ငန်း ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ခန္တီးမြို့နယ် ဆင်သေကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက နွေစပါးစိုက်ပျိုးအောင်မြင်စေရေးအတွက် ဆင်သေတစ်ဖက်ရပ်ဆည်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု

၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အောက်တိုဘာ ၁ ရက်က မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဈေး၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ဆရာဝန်ဒေါက်တာကြည်ရွှေနှင့် တာဝန်ရှိသူများက အိုင်အိုဒင်းဆားပါဝင်မှု စစ်ဆေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အောင်မြေသာစံ၌ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

မန္တလေးအောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အဘိုး အဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့်ထောက်ပံ့ကြေးများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၈ရက်က ပုလဲငွေရောင် ရပ်ကွက်အတွင်းရှိ အဘိုး အဘွားများထံ သွားရောက်အားပေးစကားပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာ ဒေါ်မြမြမိုးနှင့် အဖွဲ့က ကျန်းမာရေးစစ်ဆေးပေးသည်။ (၀၉၀)

မုတ္တမ မြန်မာ့မီးရထားမှ ကျောက်များစုဆောင်း

မြန်မာ့မီးရထားမှ သံလမ်းများတွင် အသုံးပြုရန်အတွက် ကျောက်များစုဆောင်းလျက်ရှိရာ မုတ္တမဘူတာ၌ ကျောက်ကျင်းပေါင်း ၅၀၀နီးပါးခန့် စုဆောင်းရရှိပြီး ဖြစ်ရာ အဆိုပါကျောက်များကို ရေးနှင့်သံဖြူဇရပ်လမ်းများတွင် ပြုပြင်ဖာထေးရန် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ကြီးကြပ်ကွပ်ကဲလျက်ရှိကြောင်း သိရသည်။ (၁၀၃)

သာစည်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက် ၁၈၀ ဖွင့်ပြီး

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်စာကြည့်တိုက်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ပေးခဲ့ရာ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၄၅ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၁၈၀ တွင် ကျေးလက်စာကြည့်တိုက်များကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (၀၉၄)

အုတ်တွင်း၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်လုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်းရှိ သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူးဦးသိန်းအောင်က အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေနန်းတော်
တန်ဆောင်တိုင် အထူးအစီအစဉ်
အောက်တိုဘာ(၁၆)ရက်နေ့မှ နိုဝင်ဘာ(၁၆) ရက်နေ့အထိ
Fancy Cup
Style
Album
Hot Pot
Golden Palace Diamond Card

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ် ပွဲစဉ်(၈) ထိပ်သီးအသင်းများ ဆက်လက်အောင်ပွဲခံနိုင်

မြင့်မောင်စိုး သုံးသပ်၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် အောက်တိုဘာ ၁၅

ပရီမီယာလိဂ်ပွဲစဉ်(၈) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ထိပ်သီးအသင်းကြီးများဖြစ်ကြသည့် မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့၏ အားပြိုင်မှုမှာ တဖြည်းဖြည်း အားကောင်းလာမည်ဟု မျှော်လင့်ရသည်။

အောက်တိုဘာ၁၈ရက် **(စနေနေ့)** ညပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည့် အသင်းများမှာ မစ်ဒယ်ဘရော့နှင့် ချယ်လ်ဆီး၊

ဝီဂန်နှင့် မစ်ဒယ်ဘရော့အသင်းတို့ အောက်တိုဘာ ၄ရက်က ပွဲစဉ်(၇)အဖြစ် ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်နှင့် အဲဗာတန်၊ အက်စ်တွန်ဗီလာနှင့် ပို့စ်မောက်၊ ဘော်လ်တန်နှင့် ဘလက်ဘန်း၊ ဖူလ်ဟမ်နှင့် ဆန်းဒါးလန်း၊ လီဗာပူးနှင့် ဝီဂန်၊ မန်ယူနှင့် ဝက်စ်ဘရွန်းအသင်းတို့ ဖြစ်ကြသည်။

အောက်တိုဘာ ၁၉ ရက် **(တနင်္ဂနွေနေ့)** တွင် ယှဉ်ပြိုင်ကစားမည့်ပွဲနှစ်ပွဲသာရှိသည်။ ထိုနေ့ညချမ်းတွင် ယှဉ်ပြိုင်ကစားကြမည့် အသင်းများမှာ ဟူးလ်အသင်းနှင့် ဝက်စ်ဟမ်း၊ စတုတ်အသင်းနှင့် တော့တင်ဟမ်တို့ ဖြစ်ကြသည်။ တန်းတက်အသင်းများကို အသင်းကြီးများက စမ်းသပ်မည့်ပြိုင်ပွဲများဟုလည်း ဆိုနိုင်ပါ၏။

မစ်ဒယ်ဘရော့-ချယ်လ်ဆီး

ပွဲစဉ်(၇)အပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသော စကိုလာရီ၏ ချယ်လ်ဆီး အသင်းသည် မစ်ဒယ်ဘရော့၏အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ အဓိကကစားသမားများဖြစ်သည့် ဂျွန်တယ်ရီနှင့် တိုက်စစ်မှူး ဒရော့ဘာတို့ ဒဏ်ရာရရှိထားသဖြင့် တိုက်စစ်အားပျော့နိုင်သည်။ သို့သော် အဓိကကစားသမားများဖြစ်ကြသည့် လမ်းပတ်၊ အက်ရှ်လေကိုး၊ ဂျိုးကိုးလ်၊ အနယ်လ်ကာ၊ ဘောလက်၊ ကာလူးစသော အမာခံ ကစားသမားများဖြင့် ပွဲထွက်လာပြီး မစ်ဒယ်ဘရော့ကို အနိုင်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။

သို့သော် မစ်ဒယ်ဘရော့အသင်းသည်လည်း ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီတွင် သုံးပွဲသာအနိုင်ရသေးသဖြင့် အိမ်ကွင်း၌ အကောင်းဆုံးဖြစ်အောင် ခံကစားလိမ့်မည်ဟု မျှော်လင့်ရသည်။

အာဆင်နယ်-အဲဗာတန်

အာစင်ဝင်းဂါး၏ လူများက အိမ်ကွင်းမှာ အဲဗာတန်အသင်းကို အကောင်းဆုံး ခြေစွမ်းပြဂိုးများသွင်းပြီး အောင်ပွဲခံနိုင်သည်။ အာစင်ဝင်းဂါး၏ အဓိကကစားသမားများဖြစ်ကြသည့် အဒီဘာယော၊ ဆက်နား၊ တိုရေး၊ ဖာဘရီဂတ်စ်၊ ဝေါကော့တ်စသော ကစားသမားများဖြင့် ပွဲထွက်လာဖွယ်ရှိသည်။ အဲဗာတန်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် နှစ်ပွဲသာ အနိုင်ကစားနိုင်သေးသည်။ အဲဗာတန်အသင်းအနေဖြင့် အာဆင်နယ်၏ အိမ်ကွင်းတွင်အနိုင်ကစားရန်မလွယ်သော်လည်း အနည်းဆုံးသရေကျအောင် တောင့်ခံကစားဖွယ်ရှိသည်။

လီဗာပူး-ဝီဂန်

ဘင်နီတက်ဇ်၏လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ယခင်နှစ်ရာသီများနှင့်မတူဘဲ တစ်သင်းလုံး တက်ကြွလန်းဆန်းနေကြသည်။ နည်းပြ ဘင်နီတက်ဇ် ယခုနှစ်ရာသီတွင် အနည်းဆုံး ဖလားကြီးတစ်လုံးဆွတ်ခူးနိုင်ရန် ကြိုးစားနေပုံရသည်။ ယခုရာသီတွင် ခုနစ်ပွဲကစားရာ၌ ငါးပွဲနိုင်ပြီး နှစ်ပွဲသရေကျထားသည်။ ရှုံးပွဲမရှိသေးသည့်အသင်းအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

ဝီဂန်နှင့်ပွဲတွင် နာမည်ကြီး စတီဗင်ဂျရတ်အပြင် ဒက်ကွတ်၊ ရော်ဘီကိန်း၊ တောရက်စ်၊ အလွန်ဆို စသော ကစားသမားများနှင့် ပွဲထွက်လာမည်ဟု မျှော်လင့်ရသည်။ လီဗာပူးက အနည်းဆုံး နှစ်ဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်သည်။

ဘလက်ဘန်းနှင့် မန်ယူတို့ အောက်တိုဘာ ၄ရက်က ပွဲစဉ်(၇)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတိုက်စစ်မှူး ရွန်နေ(ဝဲ)က ဘလက်ဘန်း နောက်တန်းလူ မာတင်အား ကျော်ဖြတ်၍ ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူ-ဝက်စ်ဘရွန်း

ပရီမီယာလိဂ် ချန်ပီယံ၊ ချန်ပီယံလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းသည် အဓိက ပြိုင်ဘက်အသင်းများဖြစ်သည့် လီဗာပူးနှင့် ချယ်လ်ဆီးတို့ကိုယှဉ်ပြိုင်ပြီးနောက် ပြီးခဲ့သည့်ပွဲစဉ်မှ နိုင်ပွဲပြန်စနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူ၏ အဓိကကစားသမားများဖြစ်ကြသည့် စီရိုနယ်ဒို၊ ရွန်နေ၊ ဖာဒီနန်၊ ဘာဘာတော့ဗ်၊ တီဗက်ဇ်၊ ပတ်ဂျီဆန်စသော ဘောလုံးအကျော်အမော်များ လူစုံတက်စုံဖြင့် ပွဲထွက်ယှဉ်ပြိုင်အနိုင်ယူလိမ့်မည်ဟု မျှော်လင့်ရသည်။ အနည်းဆုံး ဖာဂူဆန်၏ လူများက အိုးထရက်ဖို့ဒ်၌ နှစ်ဂိုးပြတ်သွင်းယူ အောင်ပွဲခံနိုင်လိမ့်မည်ဟု ခန့်မှန်းရပေသည်။ ။

(ကိုးကား-အင်တာနက်)

အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်း

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ထွက်ခွာ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် အောက်တိုဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အောက်တိုဘာ ၁၈ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြပြီဖြစ်သည်။

ဒုတိယမြောက်

အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်း၏ ဒုတိယမြောက် နိုင်ငံတကာ ပြိုင်ပွဲလည်းဖြစ်သည်။ ဩဂုတ် ၂၆ ရက် မှ ၃၀ ရက်အထိကျင်းပခဲ့သော မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို ပထမဦးဆုံး နိုင်ငံတကာအတွေ့အကြုံအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှု မရရှိခဲ့သော်လည်း အတွေ့အကြုံကောင်းများ ရရှိကာ ယခုပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ယခုပြိုင်ပွဲဝင်မည့်အသင်းတွင် မာဒေးကားဖလားပြိုင်ပွဲဝင်ခဲ့သည့်အသင်းမှ ကစားသမားခြောက်ဦးအထိပါဝင်လာပြီး နည်းပြအဖြစ် ဦးအောင်ထွန်းထွန်း (မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)ကပင်ဆက်လက်ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။ အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် မြန်မာသဲသောင်ပြင်ဘောလုံးအသင်းသည် စက်တင်ဘာ၁၀ရက်မှစ၍ ပဏာမကစားသမား ၁၄ ဦးဖြင့် စတင်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် အပြီးသတ်ကစားသမားများကိုရွေးချယ်ခဲ့ကာ လေ့ကျင့်ချိန် တစ်လကျော်ရရှိခဲ့သည်။

အကျိုးရှိ

ယခုပြိုင်ပွဲမတိုင်မီ မာဒေးကားဖလား သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားခဲ့၍ မြန်မာအသင်းအတွက် အကျိုးရှိစေသည်က အမှန်ပင်ဖြစ်သည်။ ပြိုင်ပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုမှ ထွက်ခဲ့ရသော်လည်း ပထမဦးဆုံး ပြည်ပပြိုင်ပွဲမှာပင် ယခုကဲ့သို့ ရလဒ်မျိုး ကစားနိုင်ခဲ့ရာ ခြေစွမ်းအရ မဆိုးဟုဆိုရမည်ဖြစ်သည်။ အုပ်စု၌ ဖိလစ်ပိုင်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းကို ခြောက်ဂိုး -နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိကာ ထိုင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ လာအိုကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ကြိုးပမ်းသွားမည်

အာရှသဲသောင်ပြင် ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်းနှင့် ပတ်သက်၍ နည်းပြ ဦးအောင်ထွန်းထွန်းက "ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန်ရရှိသည့် ရက်ပေါင်း ၃၀ကျော်အတွင်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါကြောင်း၊ လေ့ကျင့်ရေးကွင်းနှင့် လေ့ကျင့်ရန် မိမိတို့အတွက် ပိုအကျိုးရှိပါကြောင်း၊ မာဒေးကား ပြိုင်ပွဲတွင် အသင်းမှာ အကြိုဗိုလ်လုပွဲတက်ရန် အခွင့်အရေး ရခဲ့သော်လည်း နောက်ဆုံးရက်တွင် တစ်နေ့တည်းနှစ်ပွဲကစားရပြီး လာအိုကို ရှုံးနိမ့်ခဲ့၍ အုပ်စုမှ ထွက်ခဲ့ရကြောင်း၊ ယင်းပြိုင်ပွဲမှ အားနည်းချက်များကို ယခုပြိုင်ပွဲအတွက် အချိန်မီ ပြုပြင်ထားပါကြောင်း၊ ယခုပြိုင်ပွဲတွင် အာရှနိုင်ငံများနှင့် တွေ့ဆုံရမည်ဖြစ်၍ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ကြောင်း၊ အတိုင်းအတာ တစ်ခုအထိ အောင်မြင်အောင် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

အားကစားသမား

အာရှသဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ဝင်မည့် မြန်မာအသင်းတွင် အုပ်ချုပ်သူ ဦးစိုးမြင့်လွင်၊နည်းပြဦးအောင်ထွန်းထွန်း၊ ကစားသမားများအဖြစ် အောင်ရဲထွဋ်၊ ဟိန်းရာဇာဝင်း၊ ထက်အောင်၊ အောင်သန်းဝင်း၊ ရဝေဇင် (ဂိုး)၊ ပြည့်စုံဟိန်း၊ သန်းထိုက်၊ ခိုင်စိုးထွန်း (ဂိုး)၊ ဝင်းမင်းထွန်းနှင့် သီဟတို့ ပါဝင်ကြသည်။

ပါဝင်

ပြိုင်ပွဲ၌ အသင်း ၁၆သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း လေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ (က)အုပ်စုတွင် အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ ကာတာ၊ တီမော၊ (ခ)အုပ်စုတွင် ယူအေအီး၊ ထိုင်း၊ မြန်မာ၊ အိုမန် (ဂ)အုပ်စုတွင် ဘာရိန်း၊ ကိုရီးယား၊ ကူဝိတ်၊ ဗီယက်နမ်၊ (ဃ) အုပ်စုတွင် အီရန်၊ တရုတ်၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

အာရှ သဲသောင်ပြင်အားကစားပြိုင်ပွဲဝင်မည့် မြန်မာသဲသောင်ပြင်ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဇီဝမျိုးစုံလင်သည့် အမေဇုန်သစ်တော

အောင်သုတ ၏ သတင်းအက်ဆေး စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

အမေဇုန်သစ်တောသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသစ်တောဖြစ်ပြီး အပူပိုင်းဒေသအပင်များ၊ တိရစ္ဆာန်များနှင့်သက်ဆိုင်သော ဇီဝမျိုးစုံမျိုးကွဲများ အလျှံပယ်တည်ရှိရာ သဘာဝဂေဟာကြီးဖြစ်တော့သည်။ စာမျက်နှာ ၆ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် မြင့်မားရေး

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကမ္ဘာ့လက်ဆေးကြောရေးနေ့

ယူနီဆက် အောက်တိုဘာ ၁၅

လက်များအား ပုံမှန်ဆေးကြောတတ်သည့် အလေ့အထပြုလုပ်ပေးခြင်းဖြင့် နေ့စဉ်ကလေးထောင်ပေါင်းများစွာတို့၏ အသက်ကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက အောက်တိုဘာ ၁၄ ရက်တွင် တိုက်တွန်းဆော်သြလိုက်သည်။

ပထမဆုံးအကြိမ်

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ကလေးများ လက်ဆေးခြင်းအလေ့အထ *စာမျက်နှာ ၃ ကော်လံ ၁* ✻

လယ်မြေဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနေသည့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်က ခပေါင်းရေလွှဲဆည်

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာအနီး ခပေါင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီးနောက် ထုတ်လွှတ်သော ဆည်ရေများကို လယ်မြေဧကတစ်သိန်းခန့်အား စိုက်ပျိုးရေပေးဝေရန် သိုလှောင်ထိန်းသိမ်းထားသည့် ခပေါင်းရေလွှဲဆည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမှတ်စု
ကျော်စိန်
ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု
တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ တာဝန်ယူတည်ဆောက်ခဲ့သော ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ယခုနှစ် မတ် ၂၃ ရက်ကဖွင့်လှစ်ပြီး ခပေါင်းရေလွှဲဆည်ကိုမူ ရေလှောင်တမံနှင့် ရှစ်မိုင်အကွာတွင် ဇွန် ၂၈ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ရေပေးဝေရန်

ခပေါင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လွှတ်လိုက်သောဆည်ရေကို ရေလွှဲဆည်ဖြင့်ထိန်းလျက် လယ်မြေဧရိယာဧက တစ်သိန်းခန့်သို့ စိုက်ပျိုးရေးအတွက် ရေပေးဝေရန် ဆောင်ရွက်ထားသည်။ *စာမျက်နှာ ၆ ကော်လံ ၅* ■